# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

## အနာဂတ္တိကျမ်းများ၏စာပေကို လေ့လာသုံးသပ်ခြင်း

သင်ခန်းစာ ခြောက်

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**သမိုင်းဆိုင်ရာဇာတ်လမ်းများ ........ 1**

**ဇာတ်လမ်းအမျိုးအစားများ ........ 2**

အတ္ထုပ္ပတ္တိ ........ 2

ကိုယ်ရေးအတ္ထုပ္ပတ္တိ ........ 3

**ဇာတ်လမ်းများ၏အကြောင်းအရာ ........ 3**

ပရောဖက်ပြုချက်ဆိုင်ရာခေါ်တော်မူခြင်း ........ 3

ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုများ ........ 4

ရူပါရုံတင်ပြချက်များ ........ 5

သမိုင်းဆိုင်ရာနောက်ခံများ ........ 6

**ဘုရားသခင်နှင့် ဆက်သွယ်ခြင်း ........ 7**

**မြည်တမ်းဆုတောင်းခြင်းများ ........ 7**

လူမျိုး၏အပြစ်များ ........ 8

တရားစီရင်ခြင်း ........ 9

**ချီးမွမ်းဆုတောင်းခြင်းများ ........ 10**

တရားစီရင်ခြင်း ........ 11

ကောင်းချီးမင်္ဂလာများ ........ 11

**လူတို့နှင့် ဆက်သွယ်မှု ........ 13**

**တရားစီရင်ခြင်းဆိုင်ရာဟောပြောချက်များ ........ 13**

တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များ ........ 14

အမင်္ဂလာဆိုင်ရာအမိန့်တော်များ ........ 15

တရားတွေ့ခြင်းများ ........ 16

**ကောင်းချီးမင်္ဂလာဆိုင်ရာဟောပြောချက်များ ........ 17**

ရန်သူများကို တရားစီရင်ခြင်း ........ 18

ကောင်းချီးမင်္ဂလာဆိုင်ရာအမိန့်တော်များ ........ 18

**ရောစပ်ဟောပြောမှုများ ........ 19**

တရားစီရင်ခြင်း-ကယ်တင်ခြင်းဆိုင်ရာ အမိန့်တော်များ ........ 20

နောင်တရရန်ဖိတ်ခေါ်ခြင်း ........ 20

စစ်တိုက်ရန်ဖိတ်ခေါ်ခြင်း ........ 20

ပရောဖက်ပြုချက်ဆိုင်ရာ အငြင်းပွားမှု ........ 20





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပုံဥပမာများ..........20
**နိဂုံး.......... 21**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သမ္မာကျမ်းစာတစ်အုပ်လုံးကို တစ်နှစ်အတွင်းဖတ်ရှုရန် ကတိကဝတ်ပြုထားသောမိတ်ဆွေများ ကျွန်ုပ်၌ရှိသည်။ သို့သော်၊ ဤမိတ်ဆွေများသည် တစ်ကြိမ်ထက်မက ကျွန်ုပ်ထံလာ၍ပြောကြသည်မှာ_ "ရစ်ချတ်၊ ဓမ္မဟောင်းပရောဖက်ပြုချက်ကိုစဖတ်သောအခါ၊ မှောင်မည်းနေသည့် တောအုပ်ကြီးထဲ ပျောက်ဆုံးသွားသကဲ့သို့ ခံစားရသည်"ဟုဆိုသည်။ ၎င်းသည် ကျွန်ုပ်တို့အများစု၏အခြေအနေပင် ဖြစ်သည်။ အနာဂတ္တိကျမ်းများကို သိသည်ဟုယူဆသော်လည်း၊ ကျွန်ုပ်တို့သည် ဦးတည်ရာမဲ့ လျှောက်သွားနေကြသည်ကို မကြာမီတွင်တွေ့လိုက်ရသည်။ အကြောင်းမှာ၊ ဓမ္မဟောင်းအနာဂတ္တိကျမ်းများ၏ မြေပြင်အခြေအနေနှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိပ်မရင်းနှီးသောကြောင့်ဖြစ်သည်။

ဤသင်ခန်းစာတွင် သမ္မာကျမ်းစာမှဤအပိုင်း၏ မြေပြင်အခြေအနေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန် စတင်လေ့လာပါမည်။ ထို့ကြောင့်ဤသင်ခန်းစာကို “အနာဂတ္တိကျမ်းများ၏စာပေကို လေ့လာသုံးသပ်ခြင်း”ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင် ဓမ္မဟောင်းအနာဂတ္တိကျမ်းများတစ်လျှောက်လုံး တွင်ပါဝင်သည့် မတူညီသောစာပေအမျိုးအစားသုံးမျိုးကို အထူးပြုကာလေ့လာပါမည်_ ပထမ သမိုင်းဆိုင်ရာဇာတ်လမ်းများ၊ ပရောဖက်များ၏ဘဝတွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် ဇာတ်လမ်းများဖြစ်သည်၊ ဒုတိယ ဘုရားသခင်နှင့် ဆက်သွယ်ခြင်း၊ ပရောဖက်များ၏ ဘုရားသခင်ထံဆုတောင်းခြင်းနှင့် ချီးမွမ်းခြင်းများကို မှတ်တမ်းတင်သည့်ကျမ်းပိုဒ်များဖြစ်သည်၊ တတိယ အချက်မှာ လူတို့နှင့်ဆက်သွယ်ခြင်း၊ ပရောဖက်များသည် လူသားတို့အား ညွှန်ကြားသည့် ဟောပြောချက်များဖြစ်သည်။ ဤမတူကွဲပြားသောစာပေအမျိုးအစားများသည် ပရောဖက်ကျမ်းများ၌မည်သို့ ဖော်ပြသည်ကိုနားလည်ခြင်းသည် သမ္မာကျမ်းစာ၏ဤအပိုင်းရှိ ကျွန်ုပ်တို့အားစောင့်ကြိုနေသော ဘဏ္ဍာများဆီသို့ ပို့ဆောင်ပေးမည့်မြေပုံတစ်ခု ဖြစ်သည်။ သမိုင်းဆိုင်ရာဇာတ်လမ်းများကို ဦးစွာကြည့်ကြပါစို့။

# သမိုင်းဆိုင်ရာဇာတ်လမ်းများ

ဇာတ်လမ်းကောင်းကို လူတိုင်းနှစ်သက်ကြသည်။ ထို့ကြောင့် စာအုပ်များဖတ်ခြင်း၊ ရုပ်ရှင်များကြည့်ခြင်းကို ကျွန်ုပ်တို့ပြုကြသည်။ အကြောင်းမှာ ဇာတ်လမ်းများသည် ကျွန်ုပ်တို့အား အသိပေးခြင်းထက် ပိုမိုလုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ ၎င်းတို့သည်ကျွန်ုပ်တို့၏စိတ်ကူးများကိုနိုးထစေပြီး၊ တစ်ခါတစ်ရံ စိတ်ကူး၍မရနိုင်သောနည်းလမ်းများဖြင့် ကျွန်ုပ်တို့ကိုပြောင်းလဲစေနိုင်သည်။ သမ္မာကျမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာနှင့်ပတ်သက်၍စဉ်းစားသည့်အခါ၊ သမ္မာကျမ်းစာတွင်ပုံပြင်များ သို့မဟုတ် ဇာတ်လမ်းများစွာရှိကြောင်းသိသော်လည်း၊ များသောအားဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်းနှင့် တောလည်ရာကျမ်းများကိုသာ ဇာတ်လမ်းများအဖြစ်သတ်မှတ်ကြသည်။ သို့သော် ဓမ္မဟောင်းမှ အနာဂတ္တိကျမ်းများတွင်လည်း ဇာတ်လမ်းများစွာရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။

သမိုင်းဆိုင်ရာဇာတ်လမ်းများသည် ဓမ္မဟောင်းအနာဂတ္တိကျမ်းများစွာ၏မြေပြင်အခြေအနေကို အပြည့်အဝလွှမ်းမိုးထားသည်။ စာရင်း၏ထိပ်ဆုံးတွင် ယောနဝတ္ထုဖြစ်သည်။ ကျမ်းအစမှအဆုံးတိုင်၊ ယောနနှင့် နိနေဝေမြို့သို့ သူ၏အမှုဆောင်ခြင်းဇာတ်လမ်းကို ဖော်ပြထားသည်။ ဒံယေလအနာဂတ္တိကျမ်း၏အစိတ်အပိုင်းအများစုသည်လည်း သမိုင်းဆိုင်ရာဇာတ်လမ်းဖြစ်သည်။ ဒံယေလ၏ရူပါရုံများနှင့် ပရောဖက်ပြုချက်များသည် သမိုင်းဆိုင်ရာဖြစ်ရပ်များ၏ဆက်စပ်မှုအတွင်းတွင် ရှိနေသည်။ ၎င်းအပြင်၊ ယေရမိနှင့် ယေဇကျေလအနာဂတ္တိကျမ်းများ၏ အခန်းများစွာတွင်လည်း သမိုင်းဆိုင်ရာမှတ်တမ်းများကို ပုံဖော်ထားသည်။ ဟောရှေ၊ အာမုတ်နှင့် ဟေရှာယအနာဂတ္တိကျမ်းများတွင်လည်း ဇာတ်လမ်းများကို အနည်းနှင့်အများရောနှောကာတွေ့ရပါသည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းများကို လေ့လာသည့်အခါ၊ သမိုင်းဆိုင်ရာဇာတ်လမ်းများကို အမြဲစောင့်ကြည့်နေရမည်ဖြစ်သည်။ ၎င်းတို့သည် ကျမ်းများစွာ၏ အရေးကြီးသောအစိတ်အပိုင်းများကို ပုံဖော်ထားသည်။

ကျွန်ုပ်တို့သည် ကိစ္စရပ်နှစ်ခုကိုအာရုံစိုက်ခြင်းဖြင့် အနာဂတ္တိကျမ်းများ၏ သမိုင်းဆိုင်ရာ ဇာတ်လမ်းများ၏အခန်းကဏ္ဍကို လေ့လာပါမည်_ ပထမကျွန်ုပ်တို့တွေ့ရသော ဇာတ်လမ်းအမျိုးအစားများနှင့် ဒုတိယ၌ဇာတ်လမ်းများ၏အကြောင်းအရာ ဖြစ်သည်။ အနာဂတ္တိကျမ်းများတွင် တွေ့ရသည့် ဇာတ်လမ်းအမျိုးအစားများကို ဦးစွာကြည့်ကြပါစို့။

## ဇာတ်လမ်းအမျိုးအစားများ

ဓမ္မဟောင်းအနာဂတ္တိကျမ်းများတွင် အခြေခံဇာတ်လမ်းအမျိုးအစားနှစ်ခုပါဝင်သည်_အတ္ထုပ္ပတ္တိနှင့်ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ အတ္ထုပ္ပတ္တိသည် တတိယလူ၏ရှုထောင့်မှဖော်ပြပြီး၊ ကိုယ်ရေးအတ္ထုပ္ပတ္တိများသည် ပထမလူ၏ရှုထောင့်မှ ပုံမှန်အားဖြင့်ဖော်ပြသည့်မှတ်တမ်းများဖြစ်သည်။

### အတ္ထုပ္ပတ္တိ

အချို့ကိစ္စရပ်များတွင်၊ အတ္ထုပ္ပတ္တိဆိုင်ရာနှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိဆိုင်ရာမှတ်တမ်းနှစ်ခုစလုံးအား တူညီသောကျမ်းတွင်တွေ့ရတတ်သည်။ ဥပမာ၊ ဒံယေလအနာဂတ္တိကျမ်း၏ပထမအခန်းခြောက်ခန်းသည် ဒံယေလ၏အသက်တာမှ အဖြစ်အပျက်များစွာကို တတိယလူ၏အတ္ထုပ္ပတ္တိဆိုင်ရာရှုထောင့်မှဖော်ပြထားသည်။ အခန်း ၁ တွင်၊ ဗာဗုလုန်နိုင်ငံတွင် ဒံယေလ၏လေ့လာသင်ယူမှုအကြောင်း တွေ့ရသည်။ အခန်း ၂ တွင်၊ နေဗုခဒ်နေဇာ၏ကြီးမားသောရုပ်ထုတစ်ခုအကြောင်းအိပ်မက်နှင့် ထိုအိပ်မက်နှင့် သက်ဆိုင်၍ ဒံယေလ၏အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို တွေ့ရသည်။ အခန်း ၃ သည် ကျော်ကြားသောမီးဖို ဇာတ်လမ်းဖြစ်ပြီး၊ အခန်း ၄ တွင် နေဗုခဒ်နေဇာ၏သစ်ပင်တစ်ပင်အကြောင်းအိပ်မက်နှင့် ဒံယေလ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အကြောင်းကို ဖော်ပြထားသည်။ ထို့နောက်၊ အခန်းကြီး ၅ သည် နံရံပေါ်လက်နှင့်ရေးသောစာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗေလရှာဇာမြင်တွေ့သည့်အကြောင်းကို ဖော်ပြသည်၊ အခန်း ၆ သည် ခြင်္သေ့တွင်းရှိ ဒံယေလ၏ အကြောင်းမှတ်တမ်းဖြစ်သည်။ ဤအခန်းများအားလုံးသည် အတ္ထုပ္ပတ္တိပုံသဏ္ဍာန်ဖြစ်သည်။ ၎င်းတို့သည် ဓမ္မဟောင်းပရောဖက်ဖြစ်သည့် ဒံယေလအကြောင်း ဇာတ်လမ်းကို တတိယလူ၏ရှုထောင့်မှပုံဖော်ထား သည်။

## ကိုယ်ရေးအတ္ထုပ္ပတ္တိ

ဒံယေလ၏ ပထမအခန်းခြောက်ခန်းသည် အတ္ထုပ္ပတ္တိဆိုင်ရာဖြစ်သော်လည်း၊ အခန်း ၇-၁၂ သည် ကိုယ်ရေးအတ္ထုပ္ပတ္တိသို့ ဦးတည်သွားပါသည်။ အပိုင်းတစ်ခုစီကို အတိုချုပ်မိတ်ဆက်မှုများဖြင့်စတင် သော်လည်း၊ မြေပြင်အခြေအနေကို ပထမလူ၏မှတ်တမ်းများဖြင့် လွှမ်းမိုးထားသည်။ ဒံယေလသည် မိမိ၌မည်သို့ဖြစ်ပျက်သည်ကို သူ၏နုတ်ကပတ်တော်တွင် ကိုယ်တိုင်ဖော်ပြထားသည်။ အခန်း ၇ တွင် သားရဲလေးကောင်အိပ်မက်နှင့်ပတ်သက်သော ဒံယေလ၏ကိုယ်ပိုင်မှတ်တမ်း၊ အခန်းကြီး ၈ တွင်သိုးနှင့် ဆိတ်ရူပါရုံအကြောင်း၊ အခန်း ၉ တွင်ကျွန်ခံသူများတိုင်းပြည်သို့ပြန်လာခြင်းနှင့်ပတ်သက်၍ ဒံယေလ၏ ဆုတောင်းချက်အကြောင်း ကိုယ်ရေးအတ္ထုပ္ပတ္တိဆိုင်ရာမှတ်တမ်း၊ အခန်းကြီး ၁၀–၁၂ သည် ဘုရားသခင့် လူမျိုးအတွက် ဒံယေလ၏အနာဂတ်ရူပါရုံဆိုင်ရာကိုယ်ရေးအတ္ထုပ္ပတ္တိမှတ်တမ်းများကိုဖော်ပြထားသည်။

ဓမ္မဟောင်းအနာဂတ္တိကျမ်းများကို ကျွန်ုပ်တို့လေ့လာသည့်အခါ၊ အတ္ထုပ္ပတ္တိများနှင့် ကိုယ်ရေး အတ္ထုပ္ပတ္တိများစွာကို တွေ့ရမည်ဖြစ်ပြီး၊ ၎င်းအမျိုးအစားများကိုအမြဲသတိထားကာ လေ့လာရမည်ဖြစ် သည်။ ဓမ္မဟောင်းကျမ်းရေးသူများသည် ၎င်းတို့၏သင်ခန်းစာများကို သွယ်ဝိုက်၍သင်ကြားနိုင်ရန် ဇာတ်လမ်းပုံစံဖြင့်ရေးသားခဲ့ကြပြီး၊ ဤအမျိုးအစားများကိုသတိမထားပါက၊ ကျွန်ုပ်တို့ထံပေးသည့် အရေးကြီးသောသတင်းစကားများမှ ကျွန်ုပ်တို့သည်လွဲသွားမည်ဖြစ်သည်။

သမိုင်းဆိုင်ရာဇာတ်လမ်းများသည် အနာဂတ္တိကျမ်းများ၏ အရေးပါသောအစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း တွေ့မြင်ပြီးနောက်၊ ယခုကျွန်ုပ်တို့သည် နောက်ထပ်မေးခွန်းတစ်ခုဖြစ်သော_ဤမှတ်တမ်း များ၏အခြေခံအကြောင်းအရာများကားအဘယ်နည်း ကိုလေ့လာရန် အနေအထားတွင်ရှိနေပြီဖြစ် သည်။

# ဇာတ်လမ်းများ၏အကြောင်းအရာ

အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင် ဇာတ်လမ်းများသည် အခြေခံအချက်လေးချက်၌ အထူးပြုကြသည်ကိုတွေ့ရသည်_ ပထမ ပရောဖက်ပြုချက်ဆိုင်ရာခေါ်တော်မူခြင်း၊ ဒုတိယ ပုံဆောင် ချက်ဆိုင်ရာလုပ်ဆောင်မှုများ၊ တတိယ ရူပါရုံဆိုင်ရာတင်ပြချက်များနှင့် စတုတ္ထ သမိုင်းဆိုင်ရာနောက်ခံ တို့ဖြစ်သည်။

## ပရောဖက်ပြုချက်ဆိုင်ရာခေါ်တော်မူခြင်း

ပရောဖက်ပြုချက်ဆိုင်ရာခေါ်တော်မူခြင်းသည် ပရောဖက်များကို သူ့ကိုယ်စားပြောဆိုရန် ဘုရားသခင်စေခိုင်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤမှတ်တမ်းမျိုးသည် အဓိကကျမ်းပိုဒ်များစွာတွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့ရသည်။ ဥပမာ၊ ဟေရှာယ ၆ တွင်ဘုရားသခင်သည် ဟေရှာယအား ခေါ်တော်မူကြောင်း ဖော်ပြသည်။ ယေရမိ ၁ သည်ဘုရားသခင်၏ပဋိညာဉ်ကိုကိုယ်စားပြုရန် ယေရမိအား မည်ကဲ့သို့ခေါ် ခဲ့သည်ကို ဖော်ပြသည်။ အလားတူပင်၊ ယေဇကျေလ ၂ တွင်ဘုရားသခင်သည် သူ့အားအစေခံရန်ယေဇကျေလအား အလွန်ထူးခြားသောနည်းဖြင့် ခေါ် ခဲ့ကြောင်း သိရှိရသည်။ ဤကျမ်းပိုဒ်တစ်ခုစီတွင် ကျွန်ုပ်တို့သည် ဇာတ်လမ်းများကိုတွေ့ရပြီး၊ ဘုရားသခင်ရှေ့တွင် ပရောဖက်၏နှိမ့်ချခြင်းနှင့် သူတို့၏ဓမ္မအမှုတော်များကို ဘုရားသခင်ကအခွင့်အာဏာဖြင့် မည်သို့အာမခံပေးထားသည်ကို လေ့လာသိရှိရသည်။

ပရောဖက်အားခေါ်တော်မူခြင်းဆိုင်ရာဇာတ်လမ်းများသည် ဘုရားသခင်က ပရောဖက်များအား သူ၏စေခိုင်းမှုကိုလုပ်ဆောင်ရန် ခေါ်တော်မူခြင်းဖြစ်ကြောင်း အတည်ပြုရန် သို့မဟုတ် သရုပ်ပြရန် ပုံစံပြုထားသည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းများသည် မထင်ရှားသော သို့မဟုတ် လက်ခံရန်မလွယ်ကူသောအရာများကို မကြာခဏပြောလေ့ရှိသောကြောင့် ၎င်းသည်အရေးကြီးပါသည်။ ထို့ပြင် ဘုရားသခင်သည် မိမိအားအစေခံရန် ဤလူများကိုခေါ်တော်မူခဲ့ကြောင်း ဤဇာတ်လမ်းများကသက်သေပြသည်ကို ကျွန်ုပ်တို့အမြဲသတိရနေရမည်ဖြစ်သည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းများကို ကျွန်ုပ်တို့နားထောင်သည့်အခါ၊ ကျွန်ုပ်တို့မကြိုက်သော၊ လက်မခံချင်သောအရာများကိုကြားရမည်ဖြစ်သည်၊ သို့သော်လည်း ပရောဖက်များသည် ဘုရားသခင်၏ခေါ်ထားတော်မူခြင်းကို ခံရသူများဖြစ်ကြသည်ကို သတိပြုရမည်ဖြစ်သည်။

## ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုများ

အနာဂတ္တိကျမ်းများရှိ သမိုင်းဆိုင်ရာဇာတ်လမ်းများသည်လည်း ပရောဖက်များ၏ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုများအပေါ် အာရုံစိုက်ပါသည်။ ဘုရားသခင်သည် သူတို့၏ဓမ္မအမှုတော်များအတွက် ပုံဆောင်ချက်ဆိုင်ရာတန်ဖိုးကိုဖော်ပြသည့် လုပ်ငန်းအချို့ကိုလုပ်ဆောင်ရန် သူ၏ပြောရေးဆိုခွင့်ရှိသူများကို အကြိမ်ကြိမ်ခေါ် ခဲ့သည်။ ဥပမာ ယေရမိ ၁၃ တွင်၊ ပရောဖက်သည် ယုဒပြည်၏ဖောက်ပြန်ပျက်စီးခြင်းကို ဖော်ပြရန်အတွက် သူ၏ချည်ခါးပန်းကို ဆွေးမြေ့သွားသည့်အထိမြှုပ်ထားရန် အမိန့်ပေးခြင်းခံရသည်။ အခန်းကြီး ၁၉ တွင်၊ ယေရမိသည် ယုဒပြည်တွင်ဖြစ်ပျက်မည့်အရာများကို ပုံဆောင်ချက်အဖြစ် မင်းများရှေ့တွင် ရွှံ့ဖြင့်လုပ်သောရေဘူးကို ဝယ်ပြီးခွဲရန် မိန့်ကြားခြင်းခံရသည်။ အခန်း ၃၂ တွင် တစ်နေ့၌ ဘုရားသခင်သည် သူ၏လူများကို ပြည်တော်ဆီ ပြန်လည်ခေါ်ဆောင်လာမည့် အာမခံချက်ပေးသည့် လက္ခဏာအဖြစ်၊ ယေရမိအား လယ်ကိုဝယ်ပြီးစာချုပ်ကိုလုံခြုံအောင်ထားရန် ညွှန်ကြားထားသည်။

ယေရမိအနာဂတ္တိကျမ်းရှိ ဤဥပမာများသည် အနာဂတ္တိကျမ်းများတွင် တွေ့ရသည့်ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုများစွာထဲမှ အနည်းငယ်မျှသာဖြစ်သည်။ ဟောရှေနှင့် ယေဇကျေလကဲ့သို့သော ကျမ်းများသည် ထိုသို့သောဖြစ်ရပ်များနှင့် ပြည့်နေသည်။ ဓမ္မဟောင်းကျမ်းတွင်၊ ပရောဖက်များ၏ နှုတ်ကပတ်တော်များအားဖြင့် ဘုရားသခင်ပြောသောအရာကို ဘုရားသခင်၏လူများသည် ၎င်းတို့၏ မျက်စိဖြင့် မြင်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ဤမှတ်တမ်းများကိုဖတ်ရှုသည့်အခါ၊ ပရောဖက်များမှ တစ်ဆင့် ဘုရားသခင်ပြောသောအရာကို ကျွန်ုပ်တို့၏မျက်စိဖြင့် မြင်တွေ့နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရူပါရုံတင်ပြချက်များ

ပရောဖက်များအားခေါ်တော်မူခြင်းများနှင့် ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုမှတ်တမ်းများ အပြင်၊ အနာဂတ္တိကျမ်းများတွင်ပါရှိသည့် သမိုင်းဆိုင်ရာ တတိယဇာတ်လမ်းအမျိုးအစားဖြစ်သည့် ရူပါရုံဆိုင်ရာတင်ပြချက်များကို ကျွန်ုပ်တို့ဆက်လက်လေ့လာကြပါမည်။ ရူပါရုံဆိုင်ရာတင်ပြချက်များသည် ပရောဖက်နှင့် ဘုရားသခင်တို့၏ တွေ့ဆုံခြင်းအကြောင်းကို ဖော်ပြသည့်ကျမ်းပိုဒ်များဖြစ်သည်။ အလွန်အရေးကြီးသော ရူပါရုံဆိုင်ရာတင်ပြချက် ဖြစ်ရပ်တစ်ခုအား အာမုတ် ၇:၁-၉ တွင်တွေ့ရသည်။ ဤကျမ်းပိုဒ်သည် အမှန်အားဖြင့် ရူပါရုံသုံးခု၏တင်ပြချက်ဖြစ်သည်။ ပထမ ၇:၁-၃ တွင်၊ ထာဝရဘုရားသည် မြောက်ပိုင်းဣသရေလအားဖျက်ဆီးမည့် ကျိုင်းကောင်တစ်အုပ်ကို အာမုတ်အားပြသခဲ့ပြီး၊ အာမုတ်သည် ဤရူပါရုံကိုတုံ့ပြန်ခဲ့သည်။ ၇:၂ တွင်၊ သူသည်ဤသို့မိန့်တော်မူသည်_

> အိုအရှင်ထာဝရဘုရား၊ အပြစ်မှလွှတ်တော်မူပါ။ ယာကုပ်သည်ငယ်သောကြောင့်၊ အဘယ်သို့ ထရပါလိမ့်မည်နည်းဟု လျှောက်သော် (အာမုတ် ၇:၂)။

ထိုကဲ့သို့သော ကြောက်မက်ဖွယ်ကောင်းသော ကျိုင်းကောင်ဘေးဒဏ်ကြောင့် ကျန်ကြွင်းသူဘုရားသခင်၏လူမျိုးသည်ပင်လျှင် အသက်မရှင်နိုင်မည်ကို အာမုတ်စိုးရိမ်ခဲ့သည်။ ထို့ကြောင့်အခန်းငယ် ၃ တွင်၊ ဘုရားသခင်သည်နောင်တရပြီး ကျိုင်းကောင်များကို မစေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုနည်းတူ အာမုတ်အခန်းကြီး ၇ အခန်းငယ် ၄-၆ တွင်၊ ဘုရားသခင်သည် ဣသရေလမြောက်ပိုင်းကိုလောင်စေခြင်းငှာ မီး သို့မဟုတ် မိုးခေါင်ခြင်းအား စီရင်အမိန့်ပေးသည်ကို အာမုတ်အားတွေ့မြင်စေသည်။ အာမုတ် ၇:၅ တွင် အာမုတ်သည်ထာဝရဘုရားအား တဖန်ပြန်၍တောင်းလျှောက်ခဲ့သည်မှာ_

> အိုအရှင်ထာဝရဘုရား၊ ဆိုင်းတော်မူပါ။ ယာကုပ်သည်ငယ်သောကြောင့်၊ အဘယ်သို့ ထရပါလိမ့်မည်နည်းဟု လျှောက်သော် (အာမုတ် ၇:၅)။

တစ်ဖန်၊ အခန်းငယ် ၆ တွင် ဘုရားသခင်သည်နောင်တရခဲ့သည်။

ထို့နောက် အာမုတ် ၇:၇-၉ တွင် တတိယရူပါရုံကိုဖော်ပြထားသည်။ ဤတစ်ကြိမ်တွင်၊ ဘုရားသခင်သည်လက်၌ ချိန်ကြိုးတစ်ခုကိုင်ဆောင်ထားကာ အုတ်ရိုးတစ်ခုအနားတွင် ရပ်နေသည်ကို အာမုတ်မြင်ခဲ့သည်။ နံရံသည်ဖြောင့်တန်းမှုရှိမရှိနှင့် ဖြိုချရန်လိုအပ်နေသည်ကိုသိရှိရန် ကိုယ်တော်သည်တိုင်းတာနေပါသည်။ ယခု၊ ဘုရားသခင်သည် သူ၏လူတို့တွင် တစ်ဦးစီတိုင်းကို တရားစီရင်မည်ဖြစ်ပြီး၊ မိမိအားဆန့်ကျင်သောသူကိုသာ ဖျက်ဆီးမည်ဟူသော အချက်ကိုဤချိန်ကြိုးသည် ပုံဆောင်သည်။ ဤရူပါရုံနှင့်ပတ်သက်၍ အာမုတ်၌ပြောစရာမရှိပေ။ ဖြောင့်မတ်သောကျန်ကြွင်းသူကို ရှာတွေ့ပြီး အသက်ရှင်လိမ့်မည်ကို သူသိသည်။

ပရောဖက်ကျမ်းများတွင် ဤကဲ့သို့သောရူပါရုံတင်ပြချက်များဖြင့် ပြည့်နေပါသည်။ ဘုရားသခင်၏ရထားပလ္လင်ကြီးကိုမြင်ရသည့် ယေဇကျေလ၏ပထမအခန်းကို သင်မှတ်မိပါလိမ့်မည်။ ပရောဖက်ဒံယေလ၏ရူပါရုံများစွာကိုလည်း သင်မှတ်မိမည်ဖြစ်သည်။ ပရောဖက်ပြုချက်ဆိုင်ရာ ရူပါရုံတင်ပြချက်များသည် ကျွန်ုပ်တို့အား ပရောဖက်ပြုချက်ဆိုင်ရာ နှုတ်ကပတ်တော်၏ ကောင်းကင်ဆိုင်ရာမူလရင်းမြစ်ကို သိစေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## သမိုင်းဆိုင်ရာနောက်ခံများ

ယခုအခါ ပရောဖက်ပြုချက်ဆိုင်ရာ ခေါ်တော်မူခြင်းနှင့် ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှုများ နှင့် ရူပါရုံဆိုင်ရာတင်ပြချက်များအပြင်၊ အနာဂတ္တိကျမ်းများ၏သမိုင်းဆိုင်ရာမှတ်တမ်းများစွာသည် သမိုင်းဆိုင်ရာနောက်ခံများကို ထောက်ပံ့ပေးပါသည်။ ဤဇာတ်လမ်းမျိုးများသည် အနာဂတ္တိကျမ်းများ တစ်လျှောက် နေရာတိုင်းတွင်တွေ့နိုင်သည်။ သမိုင်းဆိုင်ရာနောက်ခံကို အာရုံစိုက်ခြင်း၏အလွန်အရေး ကြီးသော ဥပမာတစ်ခုကို ဟေရှာယ ၇–၈ တွင် တွေ့ရသည်။ ဤအခန်းများတွင် ဟေရှာယ ၇:၁၄ ၏ ထင်ရှားသော ကြိုတင်ဟောပြောသည့်သမိုင်းဆိုင်ရာ ဆက်စပ်မှုကိုဖော်ပြသည်။ ဟေရှာယ ၇:၁၄ တွင် ဖတ်ရသည့် နှုတ်ကပတ်တော်များမှာ_

> သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောက်ျားကို ဘွားမြင်လတံ့။
> ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့(ဟေရှာယ ၇:၁၄)။

ယခုအခါ၊ ခရစ်ယာန်များသည် ဟေရှာယအခန်းကြီး ၇-၈ ၏ဇာတ်လမ်းဖြစ်သော၊ ဤအခန်းငယ် ကို ဝန်းရံထားသည့်ဇာတ်လမ်းကို မကြာခဏ ဂရုမစိုက်ကြပါ။ ဤအခန်းများသည် ဟေရှာယ၏ပရော ဖက်ပြုချက်ဆိုင်ရာ နှုတ်ကပတ်တော်အတွက် သမိုင်းဆိုင်ရာဆက်စပ်မှုကို ပေးသည်။

ဟေရှာယ ၇:၁-၂ တွင်၊ ဆီးရီးယားနှင့် မြောက်ပိုင်းဣသရေလတို့၏ ခြိမ်းခြောက်မှုများကြောင့် ကြောက်လန့်နေသည့်အာခတ်ထံ ဟေရှာယသည်ချဉ်းကပ်နေသည်ကို တွေ့ရသည်။ ဤလူမျိုးတို့သည် အာရှုရိအင်ပါယာကို ဆန့်ကျင်သည့်မဟာမိတ်အဖွဲ့တွင် ဘုရင်အာခတ်အား ပါဝင်စေလိုကြသည်။ ထို့ကြောင့် ၇:၃-၁၁တွင်၊ ဟေရှာယအနေဖြင့်အာခတ်အား သတိပေးခဲ့ကြောင်း ဇာတ်လမ်းတွင်ဖော်ပြ သည်။ ဤလူမျိုးကို မကြောက်ရွံ့ရန်၊ ကယ်တင်ခြင်းအတွက် ထာဝရဘုရားကိုကိုးစားရန် သတိပေးခဲ့ သည်။ သို့သော် အာခတ်သည် ဘုရားသခင်ကိုယုံကြည်ရန်ငြင်းဆိုကြောင်း ၇:၁၂ တွင် တွေ့ရသည်။ ထို့ကြောင့်၊ ၇:၁၃–၈:၁၈ တွင်၊ ဟေရှာယသည် အာခတ်ကိုပြစ်တင်ဆုံးမပြီး၊ ဘုရားသခင်သည်ယုဒပြည် ကို အာရှုရိအင်ပါယာအားဖြင့် တရားစီရင်မည်ဟုမိန့်တော်မူကြောင်း ဇာတ်လမ်းတွင် ရှင်းပြထားသည်။ ဤသမိုင်းဆိုင်ရာဇာတ်လမ်းသည် ဤကျမ်းပိုဒ်ရှိဟေရှာယ၏ပရောဖက်ပြုချက်များအတွက် ဆက်စပ်မှု တစ်ခုဖြစ်သည့် သမိုင်းနောက်ခံကိုပေးရန် ပုံစံပြုထားသည်။ သူ၏ကြိုတင်ဟောပြောမှုများကို ဤသမိုင်း ဆိုင်ရာဇာတ်လမ်း၏ဆက်စပ်မှုအတွင်း သတ်မှတ်ထားသည့်အခါ၊ ဟေရှာယ၏ကြိုတင်ဟောပြောမှုများ ကိုမှန်ကန်စွာနားလည်ရန် ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။

ဓမ္မဟောင်းအနာဂတ္တိကျမ်းများကိုဖတ်ရှုပြီး ဇာတ်လမ်းတစ်ခုကို လေ့လာသည့်အခါတိုင်း၊ ကျွန်ုပ်တို့သည် ဤမေးခွန်းများကို မိမိကိုယ်ကိုမေးရပါမည်_ ကျွန်ုပ်တို့သည် ခေါ်တော်မူခြင်းဇာတ်လမ်း ကို လေ့လာနေခြင်းလော။ ကျွန်ုပ်တို့သည် ပုံဆောင်ချက်ဆိုင်ရာလုပ်ဆောင်မှု၏တင်ပြချက်ကို လေ့လာ နေခြင်းလော။ သို့မဟုတ် ကျွန်ုပ်တို့သည် ရူပါရုံတင်ပြချက် သို့မဟုတ် ပရောဖက်ပြုချက်အတွက် သမိုင်း ဆိုင်ရာနောက်ခံကိုဖော်ပြသည့် ဇာတ်လမ်းတစ်ခုကို လေ့လာနေခြင်းလော။ ဤသို့သောမေးခွန်း မျိုးများ ကိုမေးခြင်းအားဖြင့်၊ ကျွန်ုပ်တို့နားမလည်နိုင်အောင်ဖုံးကွယ်နေသော ကျမ်းပိုဒ်များကို နားလည်သဘော ပေါက်နိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာပေဆိုင်ရာ ပရောဖက်ပြုချက်သင်ခန်းစာတွင်၊ ပရောဖက်များသည် ၎င်းတို့၏ကျမ်းများ၌ သမိုင်းဆိုင်ရာဇာတ်လမ်းများကိုထည့်သွင်းထားကြောင်းကို တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ယခုကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ဤအပိုင်းတွင်တွေ့ရသော ဒုတိယမြောက်အဓိကအကြောင်းအရာဖြစ်သည့်—ဘုရားသခင်နှင့် ပရောဖက်ပြုသူများ၏ဆက်သွယ်မှုကို ဆက်လက်လေ့လာကြမည်ဖြစ်သည်။

# ဘုရားသခင်နှင့် ဆက်သွယ်ခြင်း

ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်ကိုချစ်မြတ်နိုးသော ယောက်ျားမိန်းမများဖြစ်သောကြောင့် သူတို့၏ဘဝသည် ဆုတောင်းခြင်းနှင့် ပြည့်နေပါသည်။ သို့သော် သူတို့သည် သူတို့၏ကျမ်းစာများကိုနှစ်သက်ကြပြီး၊ သူတို့၏ကျမ်းစာများမှ ဆုတောင်းနည်းကိုသင်ယူခဲ့ကြကြောင်းကိုလည်း ကျွန်ုပ်တို့သတိရရမည်ဖြစ်သည်။ ထို့ကြောင့်၊ ဓမ္မဟောင်းပရောဖက်များသည် ဆာလံကျမ်း၏ဆုတောင်းသည့်နည်းလမ်းများဖြင့် ဘုရားသခင်ထံဆုတောင်းခဲ့ကြသည်ကို တွေ့ရှိရသည်။ စိတ်ကူး၍ရနိုင်သမျှသော ဆုတောင်းချက်အမျိုးအစားအပြည့်အစုံကို အနာဂတ္တိကျမ်းများတွင် တွေ့နိုင်ပါသည်။

ပိုမိုထင်ရှားစေရန်အတွက်၊ အနာဂတ္တိကျမ်းများတွင်တွေ့ရသည့် ဆုတောင်းခြင်းဆိုင်ရာအပိုင်းနှစ်ခုကို သုံးသပ်ပါမည်။ မြည်တမ်းဆုတောင်းခြင်းများကို ဦးစွာပြောပြီး၊ ချီးမွမ်းဆုတောင်းခြင်းများကို ဒုတိယဖော်ပြပါမည်။ ပရောဖက်များသည် ဘုရားသခင်ထံဆုတောင်းသောအခါ၊ ဝမ်းနည်းခြင်းနှင့် ရွှင်လန်းမှုအပြည့်ဖြင့် သူတို့၏စိတ်နှလုံးကိုဖွင့်၍ ဆုတောင်းကြသည်။ ပရောဖက်များသည် မြည်တမ်းဆုတောင်းခြင်းများဖြင့် ဘုရားသခင်အား မိမိကိုယ်ကိုမည်သို့ဖော်ပြခဲ့သည်ကို ဦးစွာကြည့်ကြပါစို့။

## မြည်တမ်းဆုတောင်းခြင်းများ

ဝမ်းနည်းစရာမှာ၊ ယနေ့ခရစ်ယာန်များစွာသည် မြည်တမ်းခြင်းဟုခေါ်သော ထိုဆုတောင်းအမျိုးအစားကို သိပ်မသိရှိကြပါ။ မြည်တမ်းခြင်းသည် စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်ရှုပ်ထွေးခြင်းကို ဘုရားသခင်အားဖော်ပြကာဆုတောင်းခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ခေတ်တွင်၊ ခရစ်ယာန်များစွာသည် ထိုသို့ဆုတောင်းရန် မသင့်လျော်ဟုထင်ကြသော်လည်း၊ ထိုဆုတောင်းခြင်းမျိုးသည် ဘုရားသခင်ထံတော်၌ကျွန်ုပ်တို့၏အသက်တာအတွက် အလွန်အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဓမ္မဟောင်းပရောဖက်များကဖော်ပြနေသည်ကို တွေ့ရသည်။ ပရောဖက်များသည် သူတို့၏စိတ်ရှုပ်ထွေးမှု၊ စိတ်ပျက်မှုနှင့် ဝမ်းနည်းမှုတို့ကို ဘုရားသခင်ထံဖော်ပြခဲ့ကြသည်။ မြည်တမ်းသံများကို အနာဂတ္တိကျမ်းများတစ်လျှောက် တွေ့ရသည်။ ယေရမိအနာဂတ္တိကျမ်း၊ မြည်တမ်းစကားနှင့် ဟဗက္ကုတ်အနာဂတ္တိကျမ်းတို့သည် ၎င်းတို့၏ကျယ်ပြောလှသော မြည်တမ်းခြင်းအတွက်ထင်ရှားသော်လည်း၊ ဤဆုတောင်းချက်မျိုးများသည် အခြားအနာဂတ္တိကျမ်းများစွာတွင်လည်း တွေ့ရသည်။ အမှန်တကယ်တွင်၊ ဟဂ္ဂဲအနာဂတ္တိကျမ်းသည် မြည်တမ်းခြင်းနှင့်ပတ်သက်၍ဆက်စပ်မှုအနည်းဆုံးဖြစ်သည့် တစ်ခုတည်းသော အနာဂတ္တိကျမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်သည်။ ဤအရာသည် ပရောဖက်ပြုချက်ဆိုင်ရာဓမ္မအမှုတော်၏ အဓိကအစိတ်အပိုင်းဖြစ်ကြောင်း အနာဂတ္တိကျမ်းများအတွင်း မြည်တမ်းဆုတောင်းသည့်အကြိမ်အရေအတွက်သည် ဖော်ပြနေပါသည်။

ပရောဖက်များသည် ဘုရားသခင်၏လူမျိုးသမိုင်းတွင် အဆိုးဆုံးအချိန်အချို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြသောကြောင့်၊ မြည်တမ်းခြင်းအားဖြင့် သူတို့၏စိုးရိမ်ပူပန်မှုကို သခင်ဘုရားထံတင်ပြခဲ့ကြသည်။ ဓမ္မဟောင်းအနာဂတ္တိကျမ်းများတွင် မြည်တမ်းသံများ မည်သို့ဖြစ်ပေါ်လာသည်ကိုလေ့လာရန်၊ များသောအားဖြင့် ပရောဖက်များသည်မတူညီသောအကြောင်းအရာနှစ်ခုနှင့်ပတ်သက်၍မြည်တမ်းလေ့ရှိသည်ကို သိရှိနားလည်ရန်ကူညီပေးသည်_ပထမ ဘုရားသခင်၏လူမျိုးတော်၏အပြစ်များ၊ ဒုတိယ အပြစ်ကို ဘုရားသခင်စီရင်တော်မူခြင်း ဖြစ်သည်။ ပရောဖက်ပြုချက်ဆိုင်ရာမြည်တမ်းခြင်းနှင့်ပတ်သက်၍ ဤစိုးရိမ်ပူပန်မှုနှစ်ခုကိုဖော်ပြရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ဟဗက္ကုတ်အနာဂတ္တိကျမ်းတွင်ပါရှိသော မြည်တမ်းခြင်းများကို ကြည့်ရှုခြင်းဖြစ်သည်။ ဟဗက္ကုတ်သည် ယုဒပြည်တွင် ဗာဗုလုန်တို့၏အုပ်စိုးခြင်း မတိုင်မီနှင့် အုပ်စိုးစဉ်ကာလအတွင်း၌ အမှုတော်ထမ်းဆောင်ခဲ့သည်၊ ထိုအကြောင်းကြောင့် ဟဗက္ကုတ်သည် ကြီးစွာသောပြဿနာနှစ်ခုအကြောင်းကို ဘုရားသခင်အား ပြောဆိုခဲ့သည်။ အခြားတစ်ဖက် ၁း၂-၄ တွင်၊ သူသည် ဣသရေလ၏အပြစ်များနှင့် ဘုရားသခင်ကို ဣသရေလ၏ပုန်ကန်ခြင်းများကြောင့် မြည်တမ်းခဲ့သည်။ ထို့နောက် အခန်းကြီး ၁ တွင်၊ ဗာဗုလုန်တို့၏ရန်လိုမှု၌ ဘုရားသခင့်တရားစီရင်ခြင်း၏ ကြောက်မက်ဖွယ်ကောင်းမှုများအတွက် မြည်တမ်းခဲ့သည်။ ဘုရားသခင့်လူမျိုး၏အပြစ်အတွက် ပရောဖက်၏မြည်တမ်းခြင်းကို ကြည့်ရှုခြင်းဖြင့် ကျွန်ုပ်တို့စတင်သင့်သည်။

## လူမျိုး၏အပြစ်များ

သူ၏ကျမ်း၏အဖွင့်အခန်းတွင်၊ ဟဗက္ကုတ်သည် ဘုရားသခင့်လူမျိုး၏အပြစ်များကို ပြန်ပြောင်းသုံးသပ်ပြီး ဘုရားသခင်ထံဟစ်ကြွေးခဲ့သည်။ ဟဗက္ကုတ် ၁:၂ တွင်၊ ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်–

> အိုထာဝရဘုရား၊ ကိုယ်တော်သည်ကြားတော်မမူဘဲ၊ အဘယ်မျှကာလပတ်လုံး
> အကျွန်ုပ်အော်ဟစ်ရပါမည်နည်း။ ကယ်တင်တော်မမူဘဲ အကျွန်ုပ်သည်
> အဓမ္မအမှုကိုခံ၍၊ ရှေ့တော်၌ အဘယ်မျှကာလပတ်လုံး အော်ဟစ်ရပါမည်နည်း
> (ဟဗက္ကုတ် ၁:၂)

ယုဒ၏ကိုယ်ကျင့်တရားအခြေအနေနှင့်ပတ်သက်၍ သူ၏ဆုတောင်းချက်များကို ဘုရားသခင်မကြားခဲ့သည့်အတွက် ဟဗက္ကုတ်သည် အလွန်စိတ်မကောင်းဖြစ်ခဲ့ရသည်။ အခြားသောပရောဖက်များကဲ့သို့ပင်၊ သူသည် တိုင်းပြည်တွင်များပြားသောမတရားမှုများနှင့်ပတ်သက်၍ အထူးသဖြင့် စိုးရိမ်ခဲ့သည်။ ထို့ကြောင့် ၁:၄ ၌ကျွန်ုပ်တို့ဖတ်ရသည်မှာ_

> သို့ဖြစ်၍တရားလျော့ပါ၏။ တရားသဖြင့် စီရင်ဆုံးဖြတ်ခြင်းမရှိပါ။
> မတရားသောသူတို့သည် ဖြောင့်မတ်သောသူတို့ကို ဝိုင်းသောကြောင့်၊
> မတရားသဖြင့် စီရင်ဆုံးဖြတ်ကြပါ၏ (ဟဗက္ကုတ် ၁:၄)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် သူ၏လူတို့၏အပြစ်များကို တုံ့ပြန်စီရင်ခြင်းမပြုသည့်အတွက် ဟဗက္ကုတ်သည် စိတ်ဆင်းရဲနေပါသည်။ သူသည် စိတ်ပျက်ပြီး အားကိုးရာမဲ့သကဲ့သို့ခံစားနေရသည်။ ဟဗက္ကုတ်၏ ဤအဖွင့်ဆုတောင်းချက်သည် ပရောဖက်များ၏စိတ်နှလုံးကို သခင်ဘုရားထံတင်ပြသည့် အဓိကနည်းလမ်းများထဲမှ တစ်ခုကို သရုပ်ဖော်သည်။ ဘုရားသခင့်လူတို့၏ နာကျင်မှုဝေဒနာကိုမြင်သောအခါ၊ သူတို့သည် ဘုရားသခင်ထံ ကိုယ်တိုင်အော်ဟစ်ငိုကြွေးပြီး၊ အခြားသူတို့ကိုလည်း မြည်တမ်းရန် ဖိတ်ခေါ်ဆိုရုံမှတပါး ဘာမှမတတ်နိုင်ပါ။

ကျွန်ုပ်တို့မြင်သည့်အတိုင်း၊ ဟဗက္ကုတ်သည် ယုဒလူတို့အား သူတို့၏အပြစ်အတွက်အပြစ်ပေးရန် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့သည်။ ဟဗက္ကုတ်အနာဂတ္တိကျမ်းအားဖတ်သောအခါ၊ ၁း၅-၁၁ တွင် ဆိုးညစ်သောယုဒလူများကို မကြာမီအပြစ်ပေးမည်ဟု ဟဗက္ကုတ်၏ဆုတောင်းချက်ကို ဘုရားသခင်သည်ပြန်လည်တုံ့ပြန်ခဲ့သည်ကို တွေ့ရသည်။ ၁း၆ တွင်ကျွန်ုပ်တို့ ဖတ်ရသည်မှာ_

> ပြင်းထန်လျင်မြန်သော ခါလဒဲအမျိုးကိုငါနှိုးဆော်၏။
> ကိုယ်မပိုင်သောနေရာအရပ်တို့ကိုသိမ်းယူခြင်းငှါ မြေတပြင်လုံး၌
> ချီသွားကြလိမ့်မည် (ဟဗက္ကုတ် ၁:၆)။

မတရားသဖြင့်ပြုကျင့်သူ ယုဒလူတို့ကိုတရားစီရင်ရန် ပရောဖက်၏ဆုတောင်းသံကို ဖြေကြားပေးမည်ဟု ဘုရားသခင်ကတိပြုခဲ့သည်။ ယခုတွင်ဘုရားသခင်သည် ဟဗက္ကုတ်အပေါ်သစ္စာရှိတော်မူသည်၊ ပဋိညာဉ်တရားစီရင်ခြင်းအနေဖြင့် ဗာဗုလုန်လူတို့ကိုစေလွှတ်ကာ၊ ယုဒပြည်ကိုသုတ်သင်ပယ်ရှင်း၍ ဘုရားသခင်၏လူတို့ကို နှိပ်စက်ညှဉ်းပန်းခဲ့သည်။

## တရားစီရင်ခြင်း

သို့သော် ဘုရားသခင်သည် တရားစီရင်သည်နှင့်တပြိုင်နက်၊ ဟဗက္ကုတ်သည် အခြေအနေကို တစ်ဖန်ကြည့်ရှုပြီး အနာဂတ္တိကျမ်းများတွင်တွေ့ရသော ဒုတိယမြည်တမ်းခြင်းအမျိုးအစားကိုပြုလုပ်ခဲ့သည်—ဘုရားသခင့်တရားစီရင်ခြင်းအတွက် ငိုကြွေးမြည်တမ်းခြင်းဖြစ်သည်။ ဗာဗုလုန်လက်အောက်၌ ယုဒပြည်၏ဆင်းရဲဒုက္ခများအကြောင်း သူ၏ဆုတောင်းပုံတို့ကို နားထောင်ပါ။ ၁:၁၃ တွင် အောက်ပါနှုတ်ကပတ်တော်များကိုဟဗက္ကုတ်ဆိုခဲ့သည်_

> ကိုယ်တော်သည် ဒုစရိုက်ကိုကြည့်ရှုတော်မမူ။ သန့်ရှင်းသောမျက်စိရှိတော်မူ၏။
> အဓမ္မအမှုကိုကြည့်ရှု၍ နေတော်မမူတတ်ပါ။ သို့ဖြစ်၍၊ သစ္စာပျက်သောသူတို့ကို
> အဘယ်ကြောင့်ကြည့်ရှု၍နေတော်မူသနည်း။ အဓမ္မလူသည် မိမိထက်
> ဖြောင့်မတ်သောသူကို ကိုက်စားသောအခါ၊ အဘယ်ကြောင့်တိတ်ဆိတ်စွာ
> နေတော်မူသနည်း (ဟဗက္ကုတ် ၁:၁၃)

ဘုရားသခင်၏လူမျိုးသည် ဆိုးရွားစွာပြစ်မှားကြောင်း ပရောဖက်သိခဲ့သော်လည်း၊ ယခုအခါ ဗာဗုလုန်တို့၏အပြစ်များသည် ပို၍ကြီးမားကြောင်းကို သူသဘောပေါက်လာခဲ့သည်။ တိုင်းတစ်ပါးသားတို့၏ညှဉ်းပန်းနှိပ်စက်မှုအောက်ရှိ နာကျင်မှုဝေဒနာသည် ဟဗက္ကုတ်အား ဘုရားသခင်ထံ ပြင်းစွာငိုကြွေး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မြည်တမ်းစေခဲ့သည်။ ဘုရားသခင်သည် ဗာဗုလုန်လူတို့၏နှိပ်စက်ညှဉ်းပန်းမှုအတွက် တစ်နေ့တွင် အပြစ်ပေးမည်ဟု ဟဗက္ကုတ်၏ဆုတောင်းသံကို ၂း၂-၂၀ ၌တုံ့ပြန်တော်မူခဲ့သည်။ ဥပမာအားဖြင့်၊ ၂း၈ တွင်ဗာဗုလုန်လူမျိုးများအားမိန့်တော်မူသော ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်သည် များစွာသောလူမျိုးတို့ကို လုယူသောကြောင့်၊ ကျန်ကြွင်းသော လူမျိုးအပေါင်းတို့သည် သင့်ကိုလုယူကြလိမ့်မည် (ဟဗက္ကုတ် ၂း၈)။

ဘုရားသခင်၏ ပြင်းထန်သည့်တရားစီရင်ခြင်းကြောင့် ဟဗက္ကုတ်၏မြည်တမ်းသံသည် ကောင်းကင်ပလ္လင်သို့ရောက်ရှိသွားပြီး၊ ဘုရားသခင်သည် ဗာဗုလုန်ကိုဖျက်ဆီးပစ်မည်ဟု အာမခံခဲ့သည်။

အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင်၊ ဤသခင်ဘုရား၏အစေခံတို့သည် သခင်ဘုရားရှေ့၌ သူတို့၏အမှုတော်များကိုထမ်းရွက်ရန် မြည်တမ်းဆုတောင်းခြင်းများပြုကြသည်ကို တွေ့ရှိရသည်။ ရန်သူများဖျက်ဆီးခံရမည်ကို ဣသရေလလူတို့သိနားလည်စေရန် တပါးအမျိုးသားများကိုယ်စား သူတို့သည်ငိုကြွေးမြည်တမ်းကြသည်ကို ရံဖန်ရံခါ တွေ့ရှိရသည်။ သို့သော် အများအားဖြင့်၊ လူတို့၏အပြစ်များ မည်မျှကြီးမားသည်ကို ထိုသူတို့သိစေရန်နှင့် နောင်တရစေရန် ဤဝန်ထုပ်ဝန်ပိုးများကို သူတို့သည် ထမ်းရွက်ခဲ့ကြသည်။

မြည်တမ်းခြင်းသည် ဘုရားသခင်နှင့် ပရောဖက်များကြား ဆက်သွယ်သည့်နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ယခုကျွန်ုပ်တို့သည် အနာဂတ္တိကျမ်းများတွင်တွေ့ရသော ဒုတိယအဓိကဆုတောင်းခြင်း အမျိုးအစားဖြစ်သည့် ဘုရားသခင်ကို ချီးမွမ်းခြင်းအား ဆက်လေ့လာသင့်သည်။

## ချီးမွမ်းဆုတောင်းခြင်းများ

ဘုရားသခင်အားချီးမွမ်းခြင်းဆိုင်ရာ ဥပမာများစွာ ဆာလံကျမ်းများတွင်ပါရှိသကဲ့သို့၊ ပရောဖက်များသည်လည်း သခင်ဘုရားအားပြောဆိုရန် ဤပုံစံကိုအသုံးပြုကြသည်။ အများအားဖြင့်သူတို့သည် ကိုယ်တော်၏ကြီးစွာသော ပဋိညာဉ်ကောင်းချီးမင်္ဂလာများကြောင့် ဘုရားသခင်အားချီးမွမ်းကြသည်။ ဘုရားသခင်ပြုမည့် ကောင်းသောအရာများကို ပရောဖက်များသည်မြင်သောအခါ၊ ချီးမွမ်းခြင်းဖြင့် ကိုယ်တော်ထံသို့ လာကြသည်။ ဘုရားသခင်ကို ချီးမွမ်းခြင်းအကြောင်းကို ပရောဖက်ကျမ်းများစွာတွင် တွေ့ရသည်။ ၎င်းသည် အနာဂတ္တိကျမ်းများအတွက် အလွန်အရေးကြီးသော အကြောင်းအရာတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့သည် ဟဗက္ကုတ်အနာဂတ္တိကျမ်းကိုလေ့လာခြင်းအား သူ၏ကျမ်း၏အဆုံးတွင် တွေ့ရသော ဘုရားသခင်အားချီးမွမ်းခြင်းအကြောင်းကိုမှတ်သားခြင်းဖြင့် အဆုံးသတ်မည်ဖြစ်သည်။

ကျွန်ုပ်တို့မြင်ပြီးဖြစ်သည့်အတိုင်း၊ ဟဗက္ကုတ်အနာဂတ္တိကျမ်းအများစုသည် ပရောဖက်၏မြည်တမ်းသံများနှင့် သူ၏မြည်တမ်းခြင်းအတွက် ဘုရားသခင်၏တုံ့ပြန်မှုအကြောင်းတို့ကို အဓိကဖော်ပြပါသည်။ သို့သော် ကျမ်း၏နောက်ဆုံးအခန်းသည် ငိုကြွေးခြင်းမှ ချီးမွမ်းခြင်းသို့ ပြောင်းသွားသည်။ ဘုရားသခင်သည် သူ၏လူမျိုးအပေါ် ပြင်းထန်စွာဆက်ဆံမှုအတွက် ဗာဗုလုန်လူမျိုးများအား ဖျက်ဆီးပစ်မည်ဟုကတိပြုပြီးနောက်၊ ဟဗက္ကုတ်သည် ထာဝရဘုရားအားအံ့သြစရာကောင်းလောက်အောင် ချီးမွမ်းလေသည်။ ဟဗက္ကုတ်အနာဂတ္တိကျမ်းတွင် မည်ကဲ့သို့သောချီးမွမ်းမှုမျိုးကို ကျွန်ုပ်တို့တွေ့ရသနည်း။

အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင်၊ ဘုရားသခင်ကိုချီးမွမ်းခြင်းတွင် အကြောင်းအရာနှစ်ခုသည် အဓိကအချက်ဖြစ်သည်။ ပရောဖက်တို့သည် ထာဝရဘုရားကိုချီးမွမ်းခြင်းဖြင့် ချီးမြှောက်ကြသောအခါ၊ ကိုယ်တော်၏စီရင်တော်မူချက်များနှင့် ကောင်းချီးမင်္ဂလာများအတွက် ချီးမွမ်းကြသည်။ ဟဗက္ကုတ်၏ တတိယအခန်းကို ကျွန်ုပ်တို့ကြည့်သောအခါ၊ သူသည်ဤပုံစံအတိုင်းလိုက်လျှောက်သည်ကို တွေ့ရသည်။

## တရားစီရင်ခြင်း

ဟဗက္ကုတ် ၃:၁၁-၁၂ တွင်၊ ပရောဖက်သည် ဤနုတ်ကပတ်တော်များကို မိန့်တော်မူခဲ့သည်_

> နေနှင့်လသည် မိမိတို့နေရာ၌ရပ်၍နေပါ၏။ သူတို့အလင်း၌
> မြှားတော်တို့သည်သွား၍၊ သူတို့ရောင်ခြည်၌လှံတော်သည်လည်း
> လျှပ်စစ်ပြက်ပါ၏။ အမျက်တော်ထွက်လျက် တပြည်လုံးချီသွား၍၊
> ဒေါသစိတ်နှင့် လူအမျိုးမျိုးတို့ကို နင်းနယ်တော်မူ၏ (ဟဗက္ကုတ် ၃:၁၁-၁၂)

လူမျိုးတို့ကိုဒဏ်ခတ်၍ တရားစီရင်ခြင်း၌ဖျက်ဆီးသောစွမ်းရည်ကြောင့် ပရောဖက်သည် ဘုရားသခင်အား ချီးမွမ်းခြင်းဖြင့် ချီးမြှောက်တော်မူကြောင်းကို ဤနေရာ၌မြင်ရသည်။

ဤတရားစီရင်ခြင်းအတွက် ချီးမွမ်းခြင်း၏အကြောင်းအရာအား အနာဂတ္တိကျမ်းများ၏နေရာများစွာတွင် တွေ့ရသည်။ ဥပမာ၊ ပရောဖက်ဟေရှာယသည် ၄၀း၂၂-၂၃ တွင်ထာဝရဘုရားကို ဤသို့ ချီးမွမ်းသည်_

> မြေကြီးစက်အပေါ်မှာထိုင်၍၊ မြေကြီးသားတို့ကို နှံကောင်ကဲ့သို့
> မှတ်တော်မူထသော၊ မိုဃ်းကောင်းကင်ကို မျက်နှာကြက်ကဲ့သို့ ကြက်၍၊
> နေစရာတဲကဲ့သို့ ဖြန့်တော်မူထသော၊ မင်းတို့ကိုရှုတ်ချ၍၊ မြေကြီးတရားသူကြီး
> တို့ကို အနတ္တကဲ့သို့ ဖြစ်စေတော်မူသော သူပေတည်း (ဟေရှာယ ၄၀:၂၂-၂၃)။

ကိုယ်တော်၏တရားစီရင်ခြင်းအတွက် ဘုရားသခင်ကိုချီးမွမ်းသည့် ကျမ်းပိုဒ်များအားလေ့လာသောအခါ၊ ကျွန်ုပ်တို့သည် အလွန်ထူးဆန်းသည်ဟု ခံစားရလေ့ရှိသည်။ ကိုယ်တော်၏မြေကြီးပေါ် ရှိ ကောင်းချီးမင်္ဂလာများအတွက်သာ သင်သည် သခင်ဘုရားကို ချီးမွမ်းသင့်သည်ဟု ယနေ့ခရစ်ယာန်များ ထင်ကြသော်လည်း၊ အမှန်တကယ်တွင်—ကမ္ဘာကြီးသည် ဘုရားသခင်၏လူများကို ညှဉ်းပန်းနှိပ်စက်နေပါသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် မိမိလူတို့ကို ညှဉ်းဆဲသောသူတို့ကို တရားစီရင်သောအခါ၊ ဘုရားသခင်၏လူတို့သည် ကိုယ်တော်ကို ချီးမွမ်းသင့်သည်။ ပရောဖက်တို့သည် ၎င်းကိုနားလည်သောကြောင့်၊ သခင်ဘုရား၏တရားစီရင်တော်မူချက်များအတွက် ချီးမွမ်းကြသည်။

## ကောင်းချီးမင်္ဂလာများ

တရားစီရင်ခြင်းနှင့်ကောင်းချီးပေးခြင်းစပ်ကြား ဤအပြန်အလှန်ဆက်နွယ်မှုသည် ပရောဖက်ပြုခြင်းဆိုင်ရာချီးမွမ်းခြင်း၏ဒုတိယအာရုံစိုက်မှုကို ရရှိစေသည်။ ပရောဖက်များသည် ဘုရားသခင်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားစီရင်ခြင်းအတွက်သာမက၊ မိမိလူမျိုးအားပေးသော ကောင်းချီးမင်္ဂလာများအတွက်ပါ ချီးမွမ်းလေ့ရှိကြသည်။ ဥပမာ၊ ပရောဖက်ဟဗက္ကုတ်သည် တရားစီရင်ခြင်းအခွင့်အာဏာအတွက် ဘုရားသခင်ကို ချီးမွမ်းကြောင်း အတိအလင်းဖော်ပြခဲ့သည်။ ဟဗက္ကုတ် ၃:၁၂-၁၃ တွင်၊ ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> အမျက်တော်ထွက်လျက် တပြည်လုံးချီသွား၍၊ ဒေါသစိတ်နှင့်လူအမျိုးမျိုးတို့ကို နင်းနယ်တော်မူ၏။ ကိုယ်တော်၏လူတို့ကိုကယ်တင်ခြင်း၊ ကိုယ်တော်ပေးတော်မူ၍ ဘိသိက်ခံသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ ထွက်ကြွတော်မူ၏ (ဟဗက္ကုတ် ၃း၁၂-၁၃)။

ဘုရားသခင်သည် လူဆိုးတို့ကိုတစ်နေ့တွင် တရားစီရင်တော်မူကာ၊ ဣသရေလလူမျိုးကိုကယ်နုတ်ပြီး၊ ဒါဝိဒ်၏အမျိုးကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ဟဗက္ကုတ်သိမြင်ခဲ့သည်။ ဤအရာများကို ဟဗက္ကုတ်သည်မြင်၍ ကိုယ်တော်၏တရားစီရင်ခြင်းအတွက် မိမိ၏ဘုရားသခင်ကို ချီးမွမ်းလေသည်။

ထိုနည်းတူပင်၊ ပရောဖက်ဟေရှာယသည်လည်း ဘုရားသခင်၏ မိမိကိုယ်ကိုချီးမွမ်းသည့် နုတ်ကပတ်တော်များကိုကိုးကားခြင်းဖြင့် ဘုရားသခင်အားချီးမွမ်းချီးမြှောက်ခဲ့ပါသည်။ ဟေရှာယ ၄၄:၂၄ တွင် ဤနုတ်ကပတ်တော်များကို တွေ့ရသည်_

> သင့်ကိုရွေးနှုတ်တော်မူ၍၊ ဘွားစကပင် သင့်ကိုပြုပြင်တော်မူသော ထာဝရဘုရားမိန့်တော်မူသည်ကား၊ မိုးကောင်းကင်ကို ငါတစ်ပါးတည်းကြက်လျက်၊ မြေကြီးကို အဘော်မရှိဘဲခင်းလျက်၊ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းသော ထာဝရဘုရားဖြစ်၏ (ဟေရှာယ ၄၄:၂၄)။

ထို့နောက် ၄၄:၂၆ တွင် ပရောဖက်က ဆက်လက်ဖော်ပြသည်မှာ_

> ငါသည်...ယေရု ရှလင်မြို့ကို သင်သည်လူနေရာဖြစ်လိမ့်မည်ဟူ၍၎င်း၊ ယုဒမြို့တို့ကို သင်တို့သည်တည်ဆောက်လျက်ရှိကြလိမ့်မည်။ ပြိုပျက်ရာများကို ငါပြုပြင်မည်ဟူ၍၎င်းဆို၏ (ဟေရှာယ ၄၄:၂၆)။

ပရောဖက်များသည် ဝမ်းနည်းခြင်းနှင့် မြည်တမ်းခြင်းဖြင့်ဆုတောင်းရုံသာမက၊ ဘုရားသခင်အား ကြီးကျယ်ခမ်းနားသော ချီးမွမ်းခြင်းများကိုလည်းပြုကြသည်။ မူလစာဖတ်သူများသည် ဤနုတ်ကပတ်တော်များကိုဖတ်သောအခါတွင်၊ သူတို့သည်လည်း ဘုရားသခင်ကိုချီးမွမ်းရန် လှုံ့ဆော်ခြင်းခံရသည်။ ဘုရားသခင်အား သူ၏ကောင်းချီးမင်္ဂလာများနှင့် တရားစီရင်ခြင်းများအတွက် ပရောဖက်များသည် ချီးမွမ်းစကားများပြောနေသည်ကို ကြားရသောအခါ၊ ဘုရားသခင်အား ချီးမွမ်းခြင်းတွင် ကျွန်ုပ်တို့သည် သူတို့နှင့်အတူ ပူးပေါင်းသင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခုအချိန်အထိဤသင်ခန်းစာတွင်၊ အနာဂတ္တိကျမ်းများတွင် သမိုင်းဆိုင်ရာဇာတ်လမ်းများ၊ ဘုရားသခင်နှင့်ပရောဖက်များ၏ ဆက်သွယ်ပြောဆိုမှုများပါရှိသည်ကို တွေ့မြင်ရပါသည်။ ယခုကျွန်ုပ်တို့သည် ဓမ္မဟောင်းအနာဂတ္တိကျမ်းများတွင်တွေ့ရှိရသည့် တတိယမြောက် အဓိကစာပေအမျိုးအစားဖြစ်သော—လူတို့နှင့် ဆက်သွယ်မှုကို ဆက်လက်၍လေ့လာပါမည်။

# လူတို့နှင့် ဆက်သွယ်မှု

အနာဂတ္တိကျမ်းများ၏အကြောင်းအရာများအတွင်း၌ သမိုင်းဆိုင်ရာမှတ်တမ်းများနှင့် ဆုတောင်းချက်များရှိကြောင်း၊ ဤအမျိုးအစားများသည် ပရောဖက်များအား ဘုရားသခင်၏ခေါ် ခြင်းဆိုင်ရာ အဓိကရည်ရွယ်ချက်နှင့် မသက်ဆိုင်ကြောင်းသိထားရန် အရေးကြီးပါသည်။ ဘုရားသခင်သည် သူ၏ ပရောဖက်များကို သူ၏တမန်များအဖြစ်လည်းကောင်း၊ ဘုရင်များနှင့် မြင်နိုင်သောပဋိညာဉ်အသိုက် အဝန်းမှလူတို့အား ဟောပြောရန်လည်းကောင်း ခေါ်တော်မူသည်၊ ရလဒ်အနေဖြင့် အမှန်စင်စစ်အားဖြင့် သူတို့၏နှုတ်ကပတ်တော်အများစုသည် လူတို့အားပြောသောဘုရားသခင်ထံမှ သတင်းစကားများဖြစ်သည်။ ထို့ကြောင့် ယခုကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာအကြောင်းအရာအတွင်းမှ အောက်ပါ အမျိုးအစားကို ဆက်လက်သုံးသပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူများနှင့် ပရောဖက်များ၏ပြောဆို ဆက်ဆံမှုကို အပိုင်းသုံးပိုင်းခွဲ၍လေ့လာပါမည်_ တရားစီရင်ခြင်းဆိုင်ရာဟောပြောချက်များ၊ ကောင်းချီး မင်္ဂလာဆိုင်ရာဟောပြောချက်များနှင့် ဤအစွန်းနှစ်ဖက်အကြား ရောစပ်သော သို့မဟုတ် ကြားတွင်ရှိနေသောဟောပြောချက်များဖြစ်သည်။ ဓမ္မဟောင်းပရောဖက်များသည် ပဋိညာဉ်တရား၏လူတို့အား တရားစီရင်ခြင်းနှင့်သက်ဆိုင်သည့်နှုတ်ကပတ်တော်များကို ဟောပြောသည့်နည်းလမ်းအချို့ကို ဦးစွာကြည့်ကြပါစို့။

## တရားစီရင်ခြင်းဆိုင်ရာဟောပြောချက်များ

မကြာသေးမီဆယ်စုနှစ်များအတွင်း၊ ပရောဖက်ကျမ်းများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာစာပေများနှင့် နှိုင်းယှဉ်လေ့လာမှုများအရ ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့၏ဟောပြောချက်များကို ပုံမှန်ပုံစံ သို့မဟုတ် ပုံမှန်နည်းလမ်းများဖြင့် လူတို့အားဟောပြောလေ့ရှိကြောင်း ထင်ရှားသည်။ ဤဟောပြောချက်ပုံစံများသည် လိုက်လျောညီထွေရှိပြီး မတူညီသောလူတို့က အခြေအနေအမျိုးမျိုးတွင်လက်ခံနိုင်သော်လည်း၊ ပဋိညာဉ်တရားစီရင်ခြင်းကိုဟောပြောရန်အတွက် အဓိကဟောပြောမှုပုံစံသုံးမျိုးကို အသုံးပြုသည်—တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များ၊ အမင်္ဂလာဆိုင်ရာအမိန့်တော်များနှင့် တရားတွေ့ခြင်းများ ဖြစ်သည်။ တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များ

တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များသည် ဓမ္မဟောင်းအနာဂတ္တိကျမ်းများတွင်ပါရှိသည့် အရိုးရှင်းဆုံးသော နှုတ်ကပတ်တော်အမျိုးအစားဖြစ်သည်။ တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်တွင် အဓိကအစိတ်အပိုင်း နှစ်ခုပါရှိသည်_ ပထမ ဘုရားသခင့်လူတို့၏အပြစ်များကို အာရုံစိုက်စေသည့် ပရောဖက်၏စွပ်စွဲချက်ဖြစ်သည်၊ ဒုတိယ ၎င်းတို့၏အပြစ်ကြောင့် လူတို့ကြုံတွေ့ရမည့်ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သော ပဋိညာဉ်ကျိန်ခြင်းအကြောင်းပရောဖက်၏ဟောပြောမှု ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဤအစိတ်အပိုင်းနှစ်ခု၏ အစီအစဉ်သည်ပြောင်းပြန်ဖြစ်သည်၊ သို့မဟုတ် ပရောဖက်သည် တစ်ခုနှင့်တစ်ခုကိုပြောင်းပြန်ဖြစ်စေသည်။ တစ်ချို့အချိန်များတွင်၊ တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်တွင် စွပ်စွဲချက် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းတစ်ခုသာ ပါဝင်သည်။ သို့သော် မကြာခဏဆိုသလို၊ ဤစွပ်စွဲခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း၏ အခြေခံနှစ်ပိုင်းပုံစံကို ပရောဖက်များကလိုက်နာကြသည်။

ဥပမာ၊ ပရောဖက်အာမုတ်သည် ရှမာရိတဘက်၌တရားစီရင်ခြင်းအမိန့်တော်များကို အာမုတ် ၄:၁-၃ တွင် ဟောပြောခဲ့သည်။ သူသည် ရှမာရိမြို့မှ ကြွယ်ဝပြီးစားကြူးသော အမျိုးသမီးများကို စွပ်စွဲခြင်းဖြင့် စတင်ခဲ့သည်။ ၄:၁ တွင်ဤနှုတ်ကပတ်တော်များကို တွေ့ရသည်_

> ဆင်းရဲသောသူတို့ကိုညှဉ်းဆဲလျက်၊ ငတ်မွတ်သောသူတို့ကိုနှိပ်စက်လျက်၊
> မိမိသခင်တို့အား ငါတို့သောက်ဘို့ယူခဲ့ကြဟုဆိုတတ်လျက်၊
> ရှမာရိတောင်ပေါ်မှာနေသော ဗာရှန်နွားတို့၊ ဤစကားတော်ကိုနားထောင်
> ကြလော့ (အာမုတ် ၄:၁)။

ဤနေရာတွင် အာမုတ်သည် မြောက်ပိုင်းမှဣသရေလဆင်းရဲသားများကိုထိခိုက်စေသည်ဟု ရှမာရိအမျိုးသမီးများအားစွပ်စွဲသည်ကို မြင်ရသည်။ ဆင်းရဲသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့်အစား၊ သူတို့သည် မိမိတို့၏စားကြူးသောခံတွင်းကိုဖြည့်ဆည်းပေးရန် သူတို့၏ခင်ပွန်းများကို တောင်းဆိုခဲ့ကြသည်။

တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များနှင့်အညီ၊ အာမုတ် ၄:၂-၃ သည် ဤပဋိညာဉ်တာဝန်ကို ဖောက်ဖျက်သူများအား ဘုရားသခင်သည် ပြစ်ဒဏ်စီရင်ကြောင်း ထပ်မံ၍ဖော်ပြသည်။ အာမုတ် ၄:၂-၃ ၌မည်သို့ပြောထားသည်ကို နားထောင်ပါ_

> အရှင်ထာဝရဘုရားသည် မိမိသန့်ရှင်းခြင်းပါရမီတော်ကိုတိုင်တည်၍
> ကျိန်ဆိုတော်မူသည်အတိုင်း၊ သင်တို့ကိုငါးမျှားနှင့်၎င်း၊ သင်တို့သားမြေးတို့ကို
> ပိုက်ကွန်နှင့်၎င်း ဘမ်းဆီးယူသွားရသောကာလ ရောက်လိမ့်မည်။ သင်တို့သည်
> အသီးအသီးကိုယ်စီတွေ့သောအပေါက်ဖြင့်ထွက်၍ ရဲတိုက်ထဲသို့
> ချခြင်းကိုခံရကြမည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (အာမုတ် ၄:၂-၃)။

တစ်နည်းအားဖြင့်၊ ရှမာရိမြို့သည်ဖျက်ဆီးခံရမည်ဖြစ်ပြီး၊ ထိုချမ်းသာသောအမျိုးသမီးများသည် ကျွန်ခံရမည်ဟု အာမုတ်သည်ကြိုတင်၍ ဟောပြောခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အမင်္ဂလာဆိုင်ရာအမိန့်တော်များ

တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များအပြင်၊ ဓမ္မဟောင်းပရောဖက်များသည် ပဋိညာဉ်ကျိုးခြင်းများနှင့်ပတ်သက်၍ အမင်္ဂလာဆိုင်ရာအမိန့်တော်များဟု သိကြသည့်ပုံစံဖြင့် မကြာခဏဟောပြောလေ့ရှိသည်။ အမင်္ဂလာဆိုင်ရာအမိန့်တော်များသည် တရားစီရင်ခြင်းဆိုင်ရာအမိန့်တော်များနှင့် အလွန်ဆင်တူပြီး၊ ၎င်းတို့သည် အများအားဖြင့် စွပ်စွဲချက်များနောက်တွင် ပြစ်ဒဏ်ချမှတ်လေ့ရှိသည်။ ဤအမိန့်တော်များ၏အဓိကခြားနားချက်မှာ၊ ၎င်းတို့ကိုအစပိုင်းတွင် အမင်္ဂလာဟူသောဖော်ပြချက်ဖြင့် မိတ်ဆက်ပေးခြင်းဖြစ်သည်။

ဟေရှာယ ၅:၈-၁၀ တွင်အမင်္ဂလာဆိုင်ရာအမိန့်တော်ပုံဥပမာတစ်ခု တွေ့ရသည်။ ဤနေရာ၌ လူတို့သည်မြေအားလုံးကို တတ်နိုင်သမျှဝယ်ကာ ဆင်းရဲသားတို့အား နေထိုင်ခွင့်မပြုကြောင်း ပရောဖက်ကဟောပြောလေသည်။ ဟေရှာယ ၅:၈ တွင် အမင်္ဂလာနှင့်ပတ်သက်၍ ဖော်ပြချက်များ ကိုတွေ့ရသည်_ "သူတို့သည် အမင်္ဂလာရှိကြ၏" ဟုဟေရှာယဆိုသည်။ ဟေရှာယပြောမည့်စကားသည် ကောင်းချီးမင်္ဂလာစကားမဟုတ်၊ ဘုရားသခင်ထံမှကျိန်ခြင်းဖြစ်သည်။ သူ၏အမိန့်တော်စွပ်စွဲချက်သည် ၅း၈ ၏ အမင်္ဂလာဖော်ပြချက်ကို လိုက်နာသည်_

> မိမိတို့သည် မြေ၏အလယ်၌ တစုတည်းနေရာကျ၍၊ လပ်သောအရပ်
> မရှိစေခြင်းငှါ၊ အိမ်တဆောင်နှင့် တဆောင်ကိုငင်း၊ လယ်တကွက်နှင့်
> တကွက်ကိုငင်း၊ ဆက်တတ်သောသူတို့သည် အမင်္ဂလာရှိကြ၏ (ဟေရှာယ ၅:၈)။

မောရှေလက်ထက်တွင်၊ မိသားစုတစ်ခုစီတိုင်းသည် ထာဝရအမွေ၏လုံခြုံမှုရှိစေရန် ဘုရားသခင်ချမှတ်ခဲ့ကြောင်း ကျွန်ုပ်တို့အမြဲသတိရနေရပါမည်။ သို့ရာတွင် ဟေရှာယခေတ်တွင်၊ ချမ်းသာသော ယုဒလူတို့သည် တတ်နိုင်သမျှဥစ္စာပစ္စည်းများကို ဝယ်ယူခြင်းဖြင့် ဤပဋိညာဉ်၏ဒဏ်ခတ်မှုကို ချိုးဖောက်ခဲ့ကြသည်။ ထို့ကြောင့် ဟေရှာယ ၅:၉-၁၀ တွင်၊ ပရောဖက်သည် ဤပဋိညာဉ်ကို ချိုးဖောက်သူများကို ပြစ်ဒဏ်ချမှတ်မည်ဟု ကြေငြာသည်_

> ငါ၏နားအပါး၌ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊
> အကယ်စင်စစ် ကြီးကျယ်တင့်တယ်သော အိမ်အများတို့သည် နေသောသူမရှိ။
> လူဆိတ်ညံရာဖြစ်ကြလိမ့်မည်။ အကြောင်းမူကား၊ စပျစ်ဥယျာဉ်တပယ်သည်
> စပျစ်ရည်တဗတ်ကိုမျှသာ ဖြစ်စေမည်။ မျိုးစေ့ကိုလည်းကြဲသောအခါ၊
> ဆယ်ဘို့တွင်တဘို့ကိုမျှသာ ရကြလိမ့်မည် (ဟေရှာယ ၅:၉-၁၀)။

ဤနေရာတွင် ပရောဖက်ပြုချက်များစွာတွင်ကဲ့သို့ပင်၊ ပြစ်ဒဏ်သည် ပြစ်မှုနှင့် ကိုက်ညီသည်ကို ကျွန်ုပ်တို့မြင်ရပါသည်။ ချမ်းသာသူများသည် ဥစ္စာပစ္စည်းများစုဆောင်းခြင်းဖြင့် ၎င်းတို့၏ဘဏ္ဍာရေးအကျိုးအမြတ်ကို ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း၊ ဘုရားသခင်သည် ၎င်းတို့၏ကြိုးပမ်းမှုများ အချည်းနှီးဖြစ်မည်ကို သေချာစေတော်မူမည်ဖြစ်သည်။ ဤကဲ့သို့သော အမင်္ဂလာဆိုင်ရာအမိန့်တော်များသည် အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင် တွေ့ရပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## တရားတွေ့ခြင်းများ

တရားစီရင်ခြင်းနှင့် အမင်္ဂလာဆိုင်ရာအမိန့်တော်များအပြင်၊ ပရောဖက်များသည် ပဋိညာဉ်ကျိုးခြင်းများကို တရားတွေ့ခြင်းပုံစံများဖြင့်လည်း ဟောပြောခဲ့ကြသည်။ ဟေဗြဲစကားလုံး *rib* (**ר**ִיב) သည် ဤဟောပြောမှုပုံစံနှင့် မကြာခဏဆက်စပ်နေသည်။ သာမာန်အားဖြင့်၊ *rib* ဟူသော ဝေါဟာရသည် "ဆန့်ကျင်ဘက်" သို့မဟုတ် "အားထုတ်ရန်" ဟုဆိုလိုသော်လည်း၊ ၎င်းသည်အနာဂတ္တိကျမ်းများ၌ အထူးအဓိပါယ်ရှိသည်။ ၎င်းသည် တရားဥပဒေအတိုင်း ကြိုးစားအားထုတ်ခြင်းကိုညွှန်ပြသည်။ ၎င်းသည် ကြီးမြတ်သောဘုရင်၊ ယေဟောဝါ၏ကောင်းကင်တရားရုံးတွင် ပြုလုပ်သော ဥပဒေကြောင်းအရတရားတွေ့ခြင်း သို့မဟုတ် တရားစွဲခြင်းအတွက် နည်းပညာဆိုင်ရာအသုံးအနှုန်းဖြစ်သည်။

ပရောဖက်များသည် ကောင်းကင်ဘုံ၊ ဘုရားသခင်၏ ကောင်းကင်ပလ္လင်တော်အခန်း၏ရူပါရုံများအားမကြာခဏ မြင်တွေ့ကြသည်ကို ကျွန်ုပ်တို့သိရှိပြီးဖြစ်သည်။ ဘုရားသခင်၏ပလ္လင်တော်အခန်းကို တရားခွင်အဖြစ် အကြိမ်ကြိမ်ရှုမြင်ခဲ့ပြီး၊ ရလဒ်အနေဖြင့် တရားရေးဆိုင်ရာဝေါဟာရများ ထွက်ပေါ်လာသည်။ ဘုရားသခင်အား ရှေ့နေနှင့် တရားသူကြီးအဖြစ် ရှုမြင်သည်။ သက်သေခံများသည် ဘုရားသခင်၏လူတို့တဘက်၌နေကြပြီး၊ လူတို့သည် ဘုရားသခင်တရားစွဲဆိုထားသော တရားခံများဖြစ်ကြပါသည်။ ယခုအခါ၊ ပုံမှန်အားဖြင့် ကျွန်ုပ်တို့သည် အနာဂတ္တိကျမ်းများအတွင်း ပြီးပြည့်စုံသောတရားတွေ့ခြင်းကို မတွေ့ရှိရသော်လည်း ပြုပြင်မွမ်းမံထားသောတရားတွေ့ခြင်းများဟု ခေါ်နိုင်သည့်အရာကို အကြိမ်များစွာတွေ့ရှိရသည်။ *rib* သို့မဟုတ် တရားတွေ့ခြင်းတစ်ခုတွင်၊ အစိတ်အပိုင်းများစွာ ပါဝင်နိုင်သည်။ ပထမအချက်အနေနှင့် တရားရုံးအခင်းအကျင်းနည်းတူ တရားရုံးသို့ ဆင့်ခေါ်ခြင်းလည်း ရှိပါသည်။ သက်သေခံများကို သတ်မှတ်သည်။ ထို့နောက် ဘုရားသခင်သည် စွပ်စွဲခံရသူအပေါ် ကိုယ်တော်၏ကြင်နာမှုဖြင့် ပြန်လည်သုံးသပ်ပြီး၊ တစ်ခါတစ်ရံ ပရောဖက်ကိုယ်တိုင်က တုံ့ပြန်မှုအချို့ကို ပေးလေ့ရှိသည်။ ထို့နောက် ဘုရားသခင်၏စွပ်စွဲချက်နှင့်အတူ ပြစ်ဒဏ်ချမှတ်ခြင်းသည် လိုက်ပါလာသည်။

မိက္ခာ ၆:၁-၁၆ တွင်ပြီးပြည့်စုံသောတရားတွေ့ခြင်း၏ အကောင်းဆုံးဥပမာတစ်ခုကို တွေ့ရသည်။ တရားရုံးသို့ ဆင့်ခေါ်ချက်ကို အပိုဒ်ငယ် ၁ တွင်ကျွန်ုပ်တို့ကြားရသည်။ သခင်ဘုရားမိန့်တော်မူသောနှုတ်ကပတ်တော်ကို နားထောင်ပါ_

> ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ကြ လော့။ ထ၍ တောင်ကြီးတို့ရှေ့မှာ တရားတွေ့သဖြင့်၊ တောင်ငယ်တို့သည် သင့်စကားကို ကြားကြစေ (မိက္ခာ ၆:၁)။

ထို့နောက် အပိုဒ်ငယ် ၂ တွင်သက်သေခံများကို ဖော်ပြထားသည်_

> အိုတောင်တို့၊ ခိုင်ခံ့သောမြေအမြစ်တို့၊ ထာဝရဘုရား၏တရားတွေ့မှုကို နားထောင်ကြလော့ (မိက္ခာ ၆:၂)။

ဤသက်သေခံများအကြောင်းကို ဖော်ပြပြီးနောက်၊ ဘုရားသခင်သည် သူ၏လူများကို သနားကြင်နာမှုရှိသည့်တရားရုံးအကြောင်းကို အသိပေးသည်။ အခန်းငယ် ၃ တွင်၊ ဤနှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အိုငါ၏လူမျိုး၊ သင့်ကို အဘယ်သို့ငါပြုဘူးသနည်း။ အဘယ်သို့ ညည်းဆဲဘူးသနည်း။ ငါ့တဘက်၌ သက်သေခံလော့ (မိက္ခာ ၆:၃)။

ထိုအခါပရောဖက်မိက္ခာသည် အခန်းငယ် ၆ မှ ၈ တွင် လူများကိုယ်စား ဘုရားသခင်၏မေးခွန်းကို နှိမ့်ချစွာတုံ့ပြန်ခဲ့သည်။ သူသည် အခန်းငယ် ၆ တွင်ဤသို့ဆိုသည်_

> ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ်ပူဇော်သက္ကာပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသောဘုရားသခင့်ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ (မိက္ခာ ၆:၆)။

ထို့နောက်၊ မိက္ခာသည် ဤလူမျိုး၏အပြစ်ကိုဝန်ခံပြီး အခန်းငယ် ၈ တွင် ဤသို့နိဂုံးချုပ်ထားသည်_

> အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကိုနှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရားတောင်းတော်မူသနည်း (မိက္ခာ ၆:၈)။

ပရောဖက်၏တုံ့ပြန်မှုနောက်တွင်၊ အခန်းငယ် ၁၀-၁၂ တွင်စွပ်စွဲချက်များနှင့် အခန်းငယ် ၁၃-၁၆ တွင်ပြစ်ဒဏ်ချမှတ်ခြင်းကို တွေ့ရှိသည်။ ဘုရားသခင်သည် ကိုယ်တော်၏လူများကို စွပ်စွဲပြီးနောက်၊ တရားစီရင်ကြောင်းခြိမ်းခြောက်သည့် နည်းလမ်းများထဲမှတစ်ခုအဖြစ် ဤကျမ်းပိုဒ်နှင့်ဆင်တူသည့် တရားတွေ့ခြင်းများအား အနာဂတ္တိကျမ်းများတွင် တွေ့ရသည်။

## ကောင်းချီးမင်္ဂလာဆိုင်ရာဟောပြောချက်များ

ကျွန်ုပ်တို့မြင်သည့်အတိုင်း၊ ပရောဖက်များသည် ကိုယ်တော်၏လူများအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် ပတ်သက်သည့်အကြောင်းကိုသာ ဟောပြောသည်မဟုတ်ပါ။ ဘုရားသခင်သည် မိမိလူမျိုးကို ကောင်းချီးမင်္ဂလာပေးမည်ဟုလည်း ဟောပြောကြသည်။ ပရောဖက်များဟောပြောသည့် ကိုယ်တော်၏လူများအတွက် မြင့်မြတ်သောကောင်းချီးမင်္ဂလာများနှင့်ပတ်သက်၍ အခြေခံအားဖြင့် နည်းလမ်းနှစ်ခုရှိသည်_ တစ်ဖက်တွင်၊ ပရောဖက်များသည် ဘုရားသခင့်လူမျိုး၏ရန်သူများအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းကို ဟောပြောကြလိမ့်မည်။ အခြားတစ်ဖက်တွင်၊ သူတို့သည် ဘုရားသခင်၏လူများအတွက် ကောင်းချီးမင်္ဂလာအကြောင်းများကို တိုက်ရိုက်ဟောပြောမည်ဖြစ်သည်။ ဦးစွာ၊ ရန်သူများအပေါ် တရားစီရင်ခြင်းသည် ဘုရားသခင်၏လူများအတွက် ကောင်းချီးမင်္ဂလာမည်သို့ဖြစ်လာသည်ကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရန်သူများကို တရားစီရင်ခြင်း

ဣသရေလသမိုင်းတစ်လျှောက်တွင် တိုင်းတစ်ပါးလူမျိုးများသည် ဘုရားသခင့်လူမျိုးတော်ကို နှောင့်ယှက်ခဲ့ကြပြီး၊ ဘုရားသခင်သည် မိမိ၏လူမျိုးအား ကြီးမြတ်သောဆုကျေးဇူးများနှင့် ကောင်းချီးမင်္ဂလာအကြောင်းများဖော်ပြသည့်နည်းလမ်းများထဲမှတစ်ခုမှာ ကိုယ်တော်၏ပရောဖက်များကို ဤရန်သူများအပေါ်တရားစီရင်မည့်အကြောင်း ဟောပြောစေခြင်းဖြစ်သည်။ ရလဒ်အနေဖြင့်၊ ကျွန်ုပ်တို့သည် အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင် တပါးအမျိုးသားရန်သူများကိုဦးတည်သော တရားစီရင်ခြင်းဆိုင်ရာ အမိန့်တော်များ၊ အမင်္ဂလာဆိုင်ရာအမိန့်တော်များနှင့် တရားတွေ့ခြင်းများကို မြင်တွေ့ရသည်။ ဥပမာအားဖြင့်၊ နာဟုံ ၃:၁ တွင်နိနေဝေမြို့နှင့်ပတ်သက်သော ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ ဖတ်ရသည်_

> လူအသက်ကို သတ်တတ်သောမြို့၌အမင်္ဂလာဖြစ်စေသော၊ လုယ့်စားခြင်း၊ အနိုင်အထက်ပြုခြင်းနှင့်ပြည့်ဝ၏။ ဘမ်းမိသောအရာကို မလွှတ်တတ် (နာဟုံ ၃:၁)။

တပါးအမျိုးသားလူမျိုးများအပေါ် တရားစီရင်ခြင်း၊ အမင်္ဂလာနှင့် တရားတွေ့ခြင်းများဆိုင်ရာ အမိန့်တော်များသည် ရည်ရွယ်ချက် နှစ်ပိုင်းရှိသည်။ ဘုရားသခင်သည် ဣသရေလ၏ရန်သူများကို ဖျက်ဆီးပစ်မည်ဟု သူတို့ဟောပြောခဲ့သည်၊ သို့သော် ဘုရားသခင်သည်ဣသရေလလူတို့ကို ကယ်လွှတ်မည်ဟုအာမခံသည့်အပြုသဘောဆောင်သော ရည်ရွယ်ချက်လည်း သူတို့၌ရှိသည်။

## ကောင်းချီးမင်္ဂလာဆိုင်ရာအမိန့်တော်များ

ပရောဖက်များသည် ရန်သူများအပေါ်တရားစီရင်ခြင်းနှင့်ပတ်သက်၍ ဟောပြောခြင်းအပြင်၊ ကောင်းချီးမင်္ဂလာဆိုင်ရာအမိန့်တော်များကို ဟောပြောခြင်းဖြင့်လည်း ဣသရေလတို့ထံ မျှော်လင့်ချက်အား ယူဆောင်ပေးခဲ့သည်။ ကောင်းချီးမင်္ဂလာများနှင့်ပတ်သက်သော ဟောပြောချက်များသည် ပုံစံအားဖြင့်အလွန်လိုက်လျောညီထွေရှိပြီး၊ များစွာကွဲပြားခြားနားသည်၊ သို့သော်လည်း အခြေခံပုံစံတစ်ခုအား အကြိမ်ကြိမ်တွေ့ရသည်။ ဦးစွာ နိဒါန်းအချို့တွေ့ရပြီးနောက်၊ ကောင်းချီးမင်္ဂလာအတွက် လိုက်နာရမည့် အကြောင်းပြချက်အချို့ကို ပေးသည်။ ထို့နောက် ထိုကောင်းချီးမင်္ဂလာသည် မည်သို့ဖြစ်မည်ကို အမိန့်တော်များသည် အတိအကျဖော်ပြလေ့ရှိသည်။ ဥပမာ၊ ပရောဖက်ယေရမိသည် ယေရမိ ၃၅:၁၈-၁၉ တွင် ရေခပ်အမျိုးသားများအတွက် ကောင်းချီးမင်္ဂလာတစ်ခုဟောပြောခဲ့သည်။ အပိုဒ်ငယ် ၁၈ ပထမပိုင်း၌ဤအမိန့်တော်၏နိဒါန်းတစ်ခုကို တွေ့ရှိရသည်။

> ဣသရေလအမျိုး၏ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏အမိန့်တော်ဟူမူကား...(ယေရမိ ၃၅:၁၈)



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနိဒါန်းပုံစံ၏နောက်တွင် ဘုရားသခင်သည်မိမိ၏လူတို့အား ကောင်းချီးမင်္ဂလာပေးမည့် အကြောင်းပြချက် ပါရှိသည်။ အပိုဒ်ငယ် ၁၈ ဒုတိယအပိုင်းတွင်၊ ဤနုတ်ကပတ်တော်များကို ဖတ်ရသည်_

> သင်တို့သည် သင်တို့အဘယောနဒပ်၏ ပညတ်စကားကိုနားထောင်၍၊
> သူစီရင်ထုံးဖွဲ့သမျှအတိုင်း ကျင့်စောင့်သောကြောင့် (ယေရမိ ၃၅:၁၈)။

ထို့နောက် ကောင်းချီးမင်္ဂလာပေးခြင်းအကြောင်း ဟောပြောချက်ကို အခန်းငယ် ၁၉ တွင်တွေ့ရသည်_

> ရေခပ်သားယောနဒပ်အမျိုး၌ ငါ့အမှုထမ်းတို့သည် အစဉ်ရှိကြလိမ့်မည် (ယေရမိ ၃၅:၁၉)။

နောက်ထပ်ထင်ရှားသောကောင်းချီးမင်္ဂလာဆိုင်ရာအမိန့်တော်ကို ယေရမိ ၃၁:၃၁-၃၄ တွင်တွေ့ရသည်။ ပထမ၊ ဘုရားသခင်သည် အခန်းငယ် ၃၁-၃၃ တွင် ကောင်းချီးမင်္ဂလာကို ကြေငြာသည်။ ယေရမိ ၃၁:၃၁ တွင် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌
> ငါပေးသောအချိန်ကာလ ရောက်လိမ့်မည် (ယေရမိ ၃၁း၃၁)။

ဣသရေလတို့ကျွန်ခံရာမှ ပြန်လည်လွတ်မြောက်လာသောအခါရောက်လာမည့် ပဋိညာဉ်အသစ်၏ကောင်းချီးမင်္ဂလာနှင့်ပတ်သက်၍ ပရောဖက်သည်ဟောပြောခဲ့သည်။ ထို့နောက် ယေရမိ ၃၁:၃၄ တွင် ဤကောင်းချီးမင်္ဂလာနှင့်ပတ်သက်သည့် အကြောင်းရင်းကို တွေ့ရသည်_

> ထိုအခါ ငါသည်သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို
> မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (ယေရမိ ၃၁:၃၄)။

ခွင့်လွှတ်ခြင်း၌ ဘုရားသခင်၏ကျေးဇူးတော်သည် ပဋိညာဉ်သစ်ကတိတော်၏ အခြေခံကို ဖြစ်ပေါ်စေသည်။

## ရောစပ်ဟောပြောမှုများ

ထို့ကြောင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများနှင့် ဘုရားသခင်၏ကျိန်ခြင်းတို့ကို ဖုံးလွှမ်းထားသော သာမာန်ဟောပြောချက်များ ပရောဖက်တို့၌ရှိခဲ့သည်ကို ကျွန်ုပ်တို့မြင်ရသည်။ သို့သော် အနာဂတ္တိကျမ်းများတွင်အကြိမ်ကြိမ်တွေ့ရသည်မှာ ရောစပ်ဟောပြောချက်များဟု ကျွန်ုပ်တို့ခေါ်သောအရာများ ဖြစ်သည်။ ရောစပ်ဟောပြောချက်များအား ပုံစံအမျိုးမျိုးဖြင့်တွေ့ရပြီး၊ ၎င်းတို့ထဲမှ အနည်းငယ်ကိုသာ ယခုကျွန်ုပ်တို့လေ့လာနိုင်မည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သတိရရမည့်အရာမှာ ဤရောစပ်ဟောပြော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ချက်များသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများနှင့် ဘုရားသခင်၏ကျိန်ခြင်းနှစ်ခုစလုံးတို့ကို ရည်ညွှန်းသည့် အလားအလာရှိခြင်းပင်ဖြစ်သည်။

## တရားစီရင်ခြင်း-ကယ်တင်ခြင်းဆိုင်ရာ အမိန့်တော်များ

ဦးစွာ၊ ကျွန်ုပ်တို့သည် တရားစီရင်ခြင်း-ကယ်တင်ခြင်းဆိုင်ရာ အမိန့်တော်များနှင့်ပတ်သက်၍ လူအချို့တို့သည် တရားစီရင်ရန်ခြိမ်းခြောက်ခံရကြောင်းကိုလည်းကောင်း၊ တူညီသောမိန့်တော်မူချက်အတွင်း အခြားသူများသည် ကောင်းချီးမင်္ဂလာများပေးခြင်းခံရကြောင်းကိုလည်းကောင်း ပြောဆိုပါမည်။ ဟေရှာယ ၅၇:၁၄-၂၁ သည်မတရားသောသူအတွက် တရားစီရင်ခြင်းနှင့် ဖြောင့်မတ်သောသူများအတွက် ကယ်တင်ခြင်းဆိုင်ရာ ရောစပ်ဟောပြောသည့် ဥပမာကောင်းတစ်ခုဖြစ်သည်။

## နောင်တရရန်ဖိတ်ခေါ်ခြင်း

ထို့ပြင်၊ ပရောဖက်များသည်လူတို့အား တရားစီရင်ခြင်းသတိပေးချက်အပေါ် နောင်တရရန် ကြိမ်ဖန်များစွာဖိတ်ခေါ်ခဲ့ပြီး၊ နောင်တရသူများကို ကောင်းချီးမင်္ဂလာများပေးကြသည်။ နောင်တရရန် ဖိတ်ခေါ်ခြင်း၏ဥပမာကို ဟေရှာယ ၅၅:၆-၁၃ တွင် တွေ့နိုင်သည်။ ၎င်းတွင် ပရောဖက်သည်ဘုရား၏ လူများကို သူတို့၏မကောင်းမှုလမ်းမှ ရှောင်လွှဲရန်ဆိုခဲ့သည်။

## စစ်တိုက်ရန်ဖိတ်ခေါ်ခြင်း

အခြားအချိန်များတွင် ပရောဖက်များသည် ၎င်းတို့၏နားထောင်သူများကို စစ်တိုက်ရန် ဖိတ်ခေါ် လိမ့်မည်။ တဖန်၊ ဤခေါ်ဆိုမှုများသည် အောင်ပွဲ သို့မဟုတ် ရှုံးနိမ့်ရန် ခေါ်ဆိုမှုဖြစ်နိုင်သောကြောင့် ရောစပ်နေပါသည်။ ဥပမာအားဖြင့်၊ ဟောရှေ ၅:၈-၁၁ တွင် ဘုရားသခင်၏တရားစီရင်တော်မူချက်ကြောင့် တိုက်ခိုက်ခံရမည်ဖြစ်၍ ပြင်ဆင်သည့်အနေဖြင့် စစ်တိုက်ရန် ဖိတ်ခေါ်ချက်ကိုတွေ့ရှိရသည်။

## ပရောဖက်ပြုချက်ဆိုင်ရာ အငြင်းပွားမှု

ရောစပ်ဟောပြောချက်များ၏ နောက်ဥပမာတစ်ခုမှာ ပရောဖက်ပြုချက်ဆိုင်ရာ အငြင်းပွားမှုဖြစ်သည်။ ပရောဖက်များသည် အခြားပရောဖက်များနှင့် အငြင်းအခုံများ ပြုလုပ်ခဲ့ကြသည်။ ဥပမာ၊ မိက္ခာ ၂:၆-၁၁ တွင်ပရောဖက်သည် မှားယွင်းသောပရောဖက်များ၏အမြင်များအပေါ် ဆန့်ကျင်ငြင်းခုံခဲ့သည်။ ငြင်းခုံမှုများသည်နောင်လာမည့် ကောင်းချီးမင်္ဂလာ သို့မဟုတ် တရားစီရင်ခြင်းကို ကြေညာသည်။

## ပုံဥပမာများ

နောက်ဆုံးတွင်၊ ပရောဖက်များသည် ပုံဥပမာအမျိုးအစားတွင် ရောစပ်သောနှုတ်ကပတ်တော်များကို ဟောပြောခဲ့ကြသည်။ ပုံဥပမာများသည် ဘုရားသခင့်ကျေးဇူးတော်၏အပြုသဘောဆောင်သော သို့မဟုတ် ကိုယ်တော်၏တရားစီရင်ခြင်း၏အပျက်သဘောဆောင်သော ကြေငြာချက်ဖြစ်နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟောရှာယ ၅:၁-၇ သည်အနာဂတ္တိကျမ်းများတွင်ပါရှိသော အစွမ်းထက်သောပုံဥပမာတစ်ခုဖြစ်သည်။ ၎င်း၌၊ ပရောဖက်ဟေရှာယသည် ဣသရေလများကို စပျစ်ဥယျာဉ်နှင့် ခိုင်းနှိုင်းခဲ့သည်။

အနာဂတ္တိကျမ်းများတစ်လျှောက်လုံးတွင် ရောစပ်အမိန့်တော်အမျိုးအစားများစွာကို တွေ့နိုင်သော်လည်း၊ ၎င်းတို့ကိုကျွန်ုပ်တို့လေ့လာသည်နှင့်အမျှ၊ ဤဟောပြောချက်များသည် ပဋိညာဉ်ကောင်းချီးမင်္ဂလာများ သို့မဟုတ် ကျိန်ခြင်းများကို ကြေညာရန်အတွက်လည်း လုပ်ဆောင်နိုင်သည်ဟူသောအချက်ကို ကျွန်ုပ်တို့ အမြဲသတိရှိသင့်သည်။

# နိဂုံး

ထို့ကြောင့် အနာဂတ္တိကျမ်းများဆိုင်ရာစာပေများတွင် ပရောဖက်များ၏ဟောပြောချက်အမျိုးအစားများစွာပါရှိသည်ကို တွေ့မြင်ရသည်။ သမိုင်းဆိုင်ရာမှတ်တမ်းများနှင့် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းအပြင်၊ ပရောဖက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိလူမျိုးထံ ယူဆောင်လာခြင်း၌ သူတို့၏အချိန်များစွာကို အသုံးပြုခဲ့ကြသည်။ ပရောဖက်ကျမ်းများတွင်ပါရှိသည့် အမျိုးအစားအမျိုးမျိုးနှင့် အကျွမ်းတဝင်ဖြစ်ရန် ကျွန်ုပ်တို့သည်အလွန်အလေးပေးသည်ဟုဆိုရန် ခက်ခဲသည်။ ကျွန်ုပ်တို့သည် အနာဂတ္တိကျမ်းများကိုဖတ်သောအခါတွင် အကြိမ်များစွာ ပျောက်ဆုံးပြီး စိတ်ရှုပ်ထွေးသလိုခံစားရသည်၊ အကြောင်းမှာ ထိုနေရာ၌တွေ့ရသော အကြောင်းအရာအမျိုးအစားများကို သတိမပြုမိသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမိုင်းဆိုင်ရာမှတ်တမ်းများ၊ ဘုရားသခင်နှင့်ဆက်သွယ်ခြင်းအပြင် လူများနှင့်ဆက်သွယ်ခြင်းဆိုင်ရာ ပရောဖက်များ၏ဇာတ်လမ်းများကို အနာဂတ္တိကျမ်းများ၌တွေ့မြင်ရသည်။ ကျွန်ုပ်တို့သည် ပရောဖက်ကျမ်းများကိုဖတ်ပြီး ဤအမျိုးအစားပုံစံများကို စိတ်ထဲတွင်မှတ်သားထားခြင်းဖြင့်၊ သူတို့ကာလ၏ဆိုလိုရင်းနှင့် ယနေ့ကျွန်ုပ်တို့အတွက် မည်သည့်အရာဆိုလိုသည်ကို နားလည်နိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။